## ၁။ အကျဉ်းချုပ်

ယခုအစီရင်ခံစာသည် ၂၀၀၈ ခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းမြန်မာနယ်စပ်အဖွဲ့၏လုပ်ငန်းများအကြောင်း ဖော်ပြထားပြီး၊၂၀၀၉ ခုနှစ်အတွက် အကြိုဘတ်ဂျက် ဘတ်ငွေသန်းပေါင်း ၁၃၂ သန်း (အမေရိကန်ဒေါ်လာ သန်း ၄၀ (သို့) ယူရို ၂၅ သန်း)ကို တင်ပြထားသည်။

**ဆန်ဈေးပြဿနာ။** ။ ခန့်မှန်းထားသည့် ဝင်ငွေနှင့် အသုံးစရိတ် ညီမျှစေရန်အတွက် ဇန်နဝါရီလတွင် ဘဏ္ဍာငွေ ဖြတ်တောက်မှုပြုခဲ့ခြင်းသည် တကမ္ဘာလုံးဆိုင်ရာမလုံလောက်မှုကြောင့် ဆန်ဈေးအဆမတန် မြင့်တက်လာသည့် ဒဏ်ကကို ထိုင်းမြန်မာနယ်စပ်အဖွဲ့ (TBBC) ခံခဲ့ရသည်။ ရက်သတ္တပတ်အနည်းငယ် အတွင်းမှာပင် ဈေးနှုန်းနှစ်ဆမက တက်သွားခဲ့ပြီး TBBCသည် နောက်ထပ်တဖန် အနည်းဆုံး ဘတ်ငွေသန်းပေါင်း ၂၅၀ လိုငွေပြနေသည်ကို တွေ့ရှိခဲ့ရသည်။ အစားအစာမဟုတ်သော ပစ္စည်းများကို အနိမ့်ဆုံးအဆင့်ထိ လျှော့ချထားသော်လည်း ဘဏ္ဍာငွေထပ်လောင်းရှာဖွေ၍ မရခြင်းကြောင့် ဒုက္ခသည်များအတွက် ရိက္ခာခွဲတမ်း လျှော့ချရန် လိုကောင်း လိုအပ်နိုင်ခဲ့သည်။ အရေးပေါ်အခြေအနေ မေတ္တာရပ်ခံချက်အား တုံ့ပြန်ဆောင်ရွက်ပေးမှုသည် အတိုင်းထက်အလွန် ကောင်းမွန်ခဲ့သည်။ ကနေဒါ၊ အိုင်ယာလန်၊ နယူးဇီလန်၊ နယ်သာလန်၊ ပိုလန်၊ ဆွစ်ဇာလန်၊ အင်္ဂလန် နှင့် အမေရိကန်ပြည်ထောင်စုအပြင် စပိန်အစိုးရများထံမှ အာမခံချက်များ တိုးမြင့်လာသည့်အပြင် ပုဂ္ဂလိက အဖွဲ့အစည်းများ၊ တီဘီဘီစီဝန်ထမ်းများ၊ မိသားစုများနှင့် မိတ်ဆွေများအပါအဝင် တဦးချင်း အလှူရှင်များမှလည်း အလှူငွေများ ရရှိခဲ့သည်။ အလှူငွေ ဘတ်သန်း ၂၀၀ ကျော် ရရှိခဲ့သည်။ ဆန်းဈေး ကျဆင်းခဲ့သည်။ ငွေလဲနှုန်းသည်လည်း ပုံမှန်လမ်းကြောင်းသို့ စတင်ရောက်ရှိခဲ့သည်။ နောက်ထပ် အကျပ်အတည်းတစ်ခု ဖြေရှင်း နိုင်ခဲ့သည်။ ကူညီပံ့ပိုးပေးခဲ့ကြသော အလှူရှင်များ အားလုံးအား တီဘီဘီစီမှ အထူး နှစ်ထောင်းအားရ ကျေးဇူး တင်အပ်ပါသည်။

၂၀၀၉ ခုနှစ်တွင် မျှော်မှန်းထားသည့် ဆန်ဈေးနှင့် အခြားကုန်ပစ္စည်းဈေးနှုန်း မြင့်တက်မှုအား ရင်ဆိုင်ရန်အတွက် လက်ရှိ ဘဏ္ဍာငွေ လည်ပတ်မှုအား ထိန်းထားရန်ဟူသောအချက်သည် ယခုလောလောဆယ်ကြုံတွေ့နေရသည့် စိန်ခေါ်ချက်ဖြစ်သည်။ လက်ရှိလျှော့ချထားသော အစီအစဉ်များကို လက်ရှိအတိုင်း ဆက်လက်ထားမည် ဖြစ်ပြီး နောက်ထပ်လျှော့ချနိုင်သမျှကိုလည်း ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သည်။ သို့သော် ဒုက္ခသည်ဦးရေ ကျဆင်းသွားသည့်တိုင် ၂၀၀၉ ခုနှစ် ဘဏ္ဍာငွေသည် ၂၀၀၈ ခုနှစ် အသုံးစရိတ်ထက် ၁၁ ရာခိုင်နှုန်း ပို၍ မြင့်တက် နေသည်။ အကြောင်းရင်းမှာ ယေဘူယျအားဖြင့် ကုန်ဈေးနှုန်း ၁၅ ရာခိုင်နှုန်းမြင့်တက်သွားသောကြောင့် ဖြစ်သည်။ ဤကဲ့သို့သော အခက်အခဲအခြေအနေများအောက်တွင် တော်ဝင်ထိုင်းအစိုးရသည် တီဘီဘီစီ၏ ပုံမှန်အလှူရှင်များ အား ချိုသာသောဈေးနှုန်းဖြင့် ဆန်ရောင်းချပေးခြင်းအားဖြင့် လိုအပ်ချက်အတွက် ကူညီပေးနိုင်မည် ဟု မျှော်လင့် ပါသည်။

**ဒုက္ခသည်ဦးရေ။** ။ ဇွန်လအကုန်တွင် တီဘီဘီစီရိက္ခာထောက်ပံ့ပေးသော ဦးရေသည် ၁၃၈၉၇၀ ဦးဖြစ်ခဲ့ပြီး၊ ထိုကာလအတွင်း ဒုက္ခသည်ဦးရေပေါင်း ၂၆၃၈ ဦးလျော့ကျသွားခဲ့သည်။ ဇန်နဝါရီမှ ဇွန်လအတွင်း တတိယနိုင်ငံများသို့ ဒုက္ခသည်ပေါင်း ၁၀၀၄၄ ထွက်ခွာသွားခဲ့သည်။ ကလေး ၂၉၅၄ ဦး ဖွားမြင်ခဲ့၍ ၁၃၇ ဦး သေဆုံးခဲ့သည်။ လူသစ် ၄၅၈၉ ဦး ရောက်ရှိခဲ့သည်။ ဒီဇင်ဘာလတွင် ရိက္ခာပေးဦးရေသည် ၁၃၆၀၀၀ အထိ လျော့ကျနိုင်သည်။ ခိုလှုံခွင့်လျှောက်ထားသူ လူသစ်များအတွက် ထိရောက်သော ဆုံးဖြတ်သတ်မှတ်ပေးခြင်း လုပ်ငန်းစဉ် လောလောဆယ်တွင် မရှိပေ။ စခန်းများအတွင်း မှတ်ပုံမတင်ထားသော လူဦးရေသည် ၂၀၀၅ ခုနှစ် တရားဝင်မှတ်ပုံတင်ခြင်းမှစ၍ အလွန်တိုးများလာပြီး၊ လူဦးရေ ၃၀၀၀၀ အထိ ရှိနိုင်သည်။ တော်ဝင်ထိုင်းအစိုးရက တင်ကြိုစစ်ဆေးခြင်းလုပ်ငန်းစဉ်အသစ်တစ်ခုအား မိတ်ဆက်ပေးရန်အစီအစဉ်ကို ထုတ်ပြန်ထားပြီး ဖြစ်သည်။ ၂၀၀၈ ခုနှစ်အကုန်တွင် စတင်လည်ပတ်နိုင်မည်ဟု မျှော်လင့်ရသည်။ တီဘီဘီစီ၏ ရိက္ခာပေးလူဦးရေတွင် မှတ်ပုံတင်ထားသူ နှင့် မှတ်ပုံမတင်ရသေးသူ နှစ်မျိုးစလုံးပါဝင်သော စခန်းတွင်းနေထိုင်သူအားလုံး ပါဝင်သည်။

မြန်မာပြည်မှ စခန်းတွင်းသို့ရောက်ရှိလာသော ဒုက္ခသည်အများစုသည် ယခင်က နိုင်ငံတွင်း အိုးအိမ်မဲ့ နေထိုင်သူများ ဖြစ်ကြသည်။ မြန်မာပြည်အရှေ့ဘက်တခြမ်းလုံးတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပြီး အဓိကအားဖြင့် မြန်မာစစ်တပ်က ကျူးလွန်နေခြင်း ဖြစ်သည်။ ပဋိပက္ခဒေသများအတွင်း စစ်ဆင်ရေးများ (ဥပမာ – မုဒိမ်းကျင့်ခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ ပြောင်းရွှေ့ခြင်း) နှင့် အစိုးရထိန်းချုပ်ရာ ဒေသများအတွင်း အတောမသတ်နိုင်သော စီးပွားရေးလုပ်ငန်းများ (ဥပမာ – အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း၊ ခရီးသွားလာခွင့် ပိတ်ပင်ခြင်းနှင့် မြေယာသိမ်းဆည်းခြင်း) ကြောင့် ချိုးဖောက်ခြင်းများ ဆက်လက်ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

**ရွှေ့ပြောင်းအခြေချမှု။** ။ ၂၀၀၅ ခုနှစ်မှ စ၍ ဒုက္ခသည် စုစုပေါင်း ၂၈၉၀၄ ဦး ပြည်ပသို့ ပြောင်းရွှေ့အခြေချခဲ့ပြီးဖြစ်ကာ ၆၉ ရာခိုင်နှုန်းသည် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံအတွင်း အိုးအိမ်မဲ့ပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများတာဝန်ခံဆောင်ရွက်ခြင်းလုပ်ငန်းကော်မတီ (Committee for Coordination of services to Displaced People in Thailand (CCSDPT) ၏ မကြာသေးမီက ကောက်ယူခဲ့သော စစ်တမ်းအရ ၂၀၀၇၊ ၂၀၀၈ ခုနှစ်အတွင်း တတိယနိုင်ငံများသို့ ကျွမ်းကျင်ဒုက္ခသည်လုပ်သား ၅၀ ရာခိုင်နှုန်းကျော် သည် အခြေချနေထိုင်ရန် ထွက်ခွာလိမ့်မည်ဟု ညွှန်ပြနေသည်။ ၎င်းတို့အား ပြန်လည်အစားထိုးခြင်းလုပ်ငန်းသည် စခန်းတွင်းလုပ်ငန်းကဏ္ဍအားလုံးတွင် လက်ရှိကြုံတွေ့နေရသော အကြီးမားဆုံးစိန်ခေါ်ချက်များထဲမှ တစ်ခုဖြစ်သည်။

**ဒုတိယနှစ်ပတ်လည်မဟာဗျူဟာ။** ။ ၂၄ နှစ်ကြာပြီးနောက် စခန်းများအတွင်းသာကန့်သတ်နေထိုင်ရခြင်းနှင့် လူသားချင်းဆိုင်ရာ အကူအညီများပေါ်တွင် လုံးဝနီးပါး မှီခိုနေရသော ပကတိအခြေအနေတွင် ဒုက္ခသည်များ၏ စိတ်ပျက်မှုများ ပို၍ ကြီးထွားလာသည်။ ၂၀၀၅ ခုနှစ်မှစ၍ ဒုက္ခသည်များအတွက် ဝင်ငွေ၊ အလုပ်အကိုင်နှင့် အဆင့်မြင့် အတတ်ပညာ၊ အဆင့်မြင့်ပညာရေးသင်ကြားနိုင်ခွင့် အခွင့်အလမ်းများ ဖန်တီးပေးရန် အားထုတ်ချက်များသည် သိသိသာသာ တိုးတက်လာခြင်း မရှိသေးပေ။ အလှူရှင်များ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အထူးကော်မရှင် (UNHCR)၊ တီဘီဘီစီနှင့် အခြားသော အန်ဂျီအိုများသည် သဘောတူထားသည့် ဒုတိယနှစ်ပတ်လည် မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဒုက္ခသည်များ ကိုယ့်အား ကိုယ်ကိုးနိုင်ရေးအစီအစဉ်အတွက် တော်ဝင်ထိုင်းအစိုးရနှင့် ပူးပေါင်းကာ နည်းလမ်းများ ရှာဖွေမည်ဟု အခိုင်အမာ သိန္နိဋ္ဌာန်ပြုထားသည်။ ထိုကဲ့သို့ မဟာဗျူဟာအတွက် အလှူရှင်များမှ ပူးပေါင်းတုံ့ပြန်မှုများ ရရှိလိမ့်မည်ဟု မျှော်လင့်ထားသကဲ့သို့ မကြာသေးမီနှစ်များအတွင်း ကြုံတွေ့ခဲ့ရသော နာတာရှည် ဘဏ္ဍာငွေ အကျပ်အတည်းကိုလည်း အဆုံးသတ်နိုင်မည်ဟု မျှော်လင့်သည်။

**တီဘီဘီစီ၏ တုံ့ပြန်ချက်များ။** ။ တီဘီဘီစီ၏ လုပ်ငန်းဆိုင်ရာအလေးထားမှုသည် အမြင့်ဆုံး လုံလောက်မှုရှိစေရန်နှင့် အထောက်အပံ့များ ဖြန့်ဝေသည့်ပုံစံ အားကောင်းလာစေရေး ဖြစ်သည်။ ခံစားခွင့်ဆိုင်ရာသတ်မှတ်ချက်အသစ်၊ ရိက္ခာပေးဦးရေ၊ ရိက္ခာခွဲတမ်းမှတ်တမ်းစာအုပ်နှင့် ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များအားလုံး လုပ်ငန်းလည်ပတ်နေပြီဖြစ်သည်။ အလှူရှင်များ၏ တွေ့ရှိချက်အား တုံ့ပြန်ခြင်းအားဖြင့် ၂၀၀၈ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း စီမံခန့်ခွဲရေးဌာနအသစ်တစ်ခု ဖွင့်လှစ်ရန်၊ တီဘီဘီစီ၏ ရိက္ခာထောက်ပံ့မှု၊ စီမံခန့်ခွဲမှုပုံစံနှင့် စောင့်ကြည့်သတ်မှတ်မှုခြင်းစနစ်များ ပြန်လည်သုံးသပ်ရန်နှင့် ပိုမိုအားကောင်းလာစေရန်အတွက် ရိက္ခာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး (logistics and supply expert) အားခန့်၍ တီဘီဘီစီနှင့် ပူးပေါင်းလုပ်ဆောင်စေခဲ့သည်။

**အလားအလာများ။** ။ မေလတွင် မြန်မာပြည်၌ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီး သန်းနှင့်ချီသော မုန်တိုင်းသင့်ပြည်သူများ၏ အခက်အခဲအား မြန်မာအစိုးရက မသိလိုက်ဖာသာနေခဲ့မှုကို တကမ္ဘာလုံးက အံ့ဩတုန်လှုပ်ခဲ့သည်။ အရေးပေါ် လူသားချင်းဆိုင်ရာ အထောက်အပံ့များသည် ရေရှည်နိုင်ငံရေးကိစ္စထက် ပို၍ ဦးစားပေး ဆောင်ရွက်ခဲ့ရမည်ဖြစ်သော်လည်း အံ့အားသင့်ဖွယ်ကောင်းသောအချက်မှာ အရေးပေါ်ကာလ

အစောပိုင်းရက် များအတွင်း နိုင်ငံအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) က ပြည်သူ့ဆန္ဒ ခံယူပွဲကိုသာ ဖောင်းပေးဆောင်ရွက်ခဲ့သည်။ စစ်တပ်ထိန်းချုပ်မှု ထိထိရောက်ရောက်လုပ်ပိုင်ခွင့်ပေးမည့် အခြေခံဥပဒေအတွက် ထောက်ခံမဲ ၉၂ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့သည်ဟု အခိုင်အမာ ပြောဆိုခဲ့သည်။ တချိန်တည်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်သက်တမ်းကိုလည်း တိုးမြှင့်ခဲ့သည်။

နာဂစ်ဆိုင်ကလုန်းကြောင့် ဖြစ်ပေါ်လာရသော စီးပွားရေးသက်ရောက်မှုများနှင့် နိုင်ငံတကာအထောက်အပံ့များအပေါ် အပေးအယူလုပ်နိုင်ခွင့်အာဏာက နအဖ၏ စိတ်ကူးရည်မှန်းချက်များ ပျော့ပြောင်းစေနိုင်ပြီး၊ တွေ့ဆုံဆွေးနွေးရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးအတွက် အခွင့်အလန်းများ ပေါ်ထွက်လာနိုင်သည်ဟူသော ယူဆချက်မှာ မတွေ့ရဆဲ ဖြစ်နေသည်။ ဤအခြေအနေများအောက်တွင် ဒုက္ခသည်အသစ်များအနေဖြင့် ပြန်သွားရခြင်းထက် နယ်စပ်ဒေသများ တွင် နေထိုင်ရန် တိုးတက်မှုအလားအလာ အနည်းငယ်ရှိပုံရသည်။

## ၂။ ဒုက္ခသည်အခြေအနေ

**ဇန်နဝါရီ မှ ဇွန်လ ၂၀၀၈ ခုနှစ်**

**မြန်မာနယ်စပ်ဒေသအခြေအနေအကျဉ်းချုပ်ကို နောက်ဆက်တွဲ စ တွင် ဖော်ပြထားသည်။**

### က) ဒုက္ခသည်ဦးရေ

**စခန်းတွင်းလူဦးရေ။** ။ ၂၀၀၄–၀၅ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန (MOI) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အထူးကော်မရှင် (UNHCR) တို့သည် နယ်စပ်ဒေသတခုလုံးရှိ စခန်းတွင်းလူဦးရေကို ပြန်လည်မှတ်ပုံတင်ခဲ့သည်။ ၁၉၉၉ ခုနှစ် ကတည်းက မှတ်ပုံတင်ထားသောဦးရေ ၁၀၁၉၉၂ ဦးနှင့် နောက်ထပ် ၃၅၈၆၇ ဦးတို့ဖြစ်ပြီး၊ စုစုပေါင်းဒုက္ခသည်ဦးရေ ၁၃၇၈၅၉ ဦးရှိကြောင်း အသိအမှတ်ပြုထားသည်။ ၂၀၀၈ ခုနှစ် ဇွန်လ ၃၀ ရက်စွဲအရ နောက်ထပ်ရောက်လာသူများထဲမှ အများစုသည် ပီအေဘီက အသိအမှတ်ပြုထားပြီး၊ (ကလေးငယ်များနှင့် ပီအေဘီ အဆင့်တင်ထားသော ဒုက္ခသည်သစ်တချို့အပါအဝင်) ၃၇၅၉၂ ဦးသည်လည်း မှတ်ပုံတင်ထားပြီး ဖြစ်သည်။

၂၀၀၅ ခုနှစ် ဒုက္ခသည်အများစုအတွက် လုပ်ဆောင်ပြီးဖြစ်သော်လည်း ပီအေဘီသည် လုပ်ငန်းများလုပ်ဆောင်ရန် ရပ်တန့်ထား၍ ၂၀၀၅ ခုနှစ်ကတည်းက စခန်းများအတွင်း ဆက်လက်ဝင်ရောက်လာသော လူသစ်များအတွက် ခွင့်ပြုသည့် လုပ်ငန်းစဉ် မရှိသေးပေ။ ထိုသူအများစုသည် မြန်မာပြည်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် တိုက်ခိုက်မှုများမှ ထွက်ပြေးတိမ်းရှောင်လာကြပြီး ခိုလှုံခွင့် ရှာဖွေကြသူများ (နယ်စပ်ဒေသများတွင် လုံခြုံရေးအခြေအနေကို ဖော်ပြထားသော *ပြည်တွင်းအိုးအိမ်မဲ့မှု။ ။ မြန်မာပြည်အရှေ့ဘက်ခြမ်းရှိ အခြေအနေများ* (ဃ) ကို ကြည့်ပါ။ ) သို့မဟုတ် ‘စာရွက်ပိုင်းကိုင်ဆောင်ထားသူများ’ နှင့် ၎င်းတို့၏ ဆွေမျိုးများဖြစ်ကြသည်။ သို့သော်လည်း တတိယနိုင်ငံများသို့ သွားရောက်အခြေချနေထိုင်ခွင့်ရရှိရေး မျှော်မှန်းချက်ဖြင့် ထိုင်းနိုင်ငံတွင်း သို့မဟုတ် မြန်မာနိုင်ငံမှ တိုက်ရိုက် စခန်းတွင်း ဝင်ရောက်လာသူများလည်း ရှိသည်။ အကျိုးဆက်အဖြစ် စခန်းများအတွင်းတွင် မှတ်ပုံမတင်ရသေးသော လူဦးရေတိုးများလာခြင်းဖြစ်သည်။ အချို့သောသူများသည် လူသားချင်းဆိုင်ရာ အကူအညီပေးရေး စံသတ်မှတ်ချက်များနှင့် လုံးဝကိုက်ညီလိမ့်မည် ဖြစ်သော်လည်း အခြားသူများကား သံသယရှိဖွယ် ဖြစ်သည်။

ဤသည်က တီဘီဘီစီအတွက် အဓိကပြဿနာဖြစ်စေသည်။ အဘယ်ကြောင့်ဆိုသော် တီဘီဘီစီ နှင့် စခန်း ကော်မတီများသည် ဒုက္ခသည်အဆင့်အတန်းဆုံးဖြတ်မှုကို မလုပ်ဆောင်နိုင်သောကြောင့် ဖြစ်သည်။ အလှူရှင်များက တီဘီဘီစီ၏ ရိက္ခာပေးဦးရေတောင်းခံသောအခါ ငွေကြေးထောက်ပံ့မှုလိုအပ်ချက်ကို ဖောင်းပွစေသည့် ဒုက္ခသည်အဖြစ် မသတ်မှတ်ရသေးသူများကို ထောက်ပံ့ပေးထားခြင်းအပေါ် မေးခွန်းထုတ်လာသည်။

ထိရောက်သောဆုံးဖြတ်ချက်လုပ်ငန်းစဉ်တစ်ခု လုပ်ဆောင်နိုင်သည့်တိုင်အောင် ဤပြဿနာကို ဖြေရှင်းရန် ဖြစ်နိုင်လိမ့်မည်မဟုတ်ပေ။ ဤနှစ်ကုန်တွင် တင်ကြိုစစ်ဆေးခြင်းအစီအစဉ်သစ်တစ်ခု လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ အသေးစိတ်အချက်အလက်များ လုပ်ဆောင်နေဆဲဖြစ်သည်။ သို့သော်လည်း အဓိက ရည်ရွယ်သည်က မှတ်ပုံမတင်ရသေးသူများအားလုံးကို အစီအစဉ်သစ်တွင် ရွေးချယ်ပါဝင်စေပြီးနောက် ဆုံးဖြတ်ချက် ချမှတ်ရန်အတွက် ပီအေဘီတွင် တင်ပြလိမ့်မည် ဖြစ်သည်။ ထို့နောက်တွင် လူသစ်များအတွက် အဆက်မပြတ်သော ရွေးချယ်ခြင်းလုပ်ငန်းစဉ်တစ်ခု ရှိလိမ့်မည် ဖြစ်သည်။

တပြိုင်တည်းမှာပင် ထိုခက်ခဲသည့်အခြေအနေများအောက်တွင် တီဘီဘီစီသည် စခန်းများအတွင်း အထောက်အပံ့များရနိုင်သော အမှန်တကယ်ရှိနေသော လူဦးရေကို မှန်နိုင်သမျှ မှန်မှန် ခန့်မှန်းနိုင်ရန် ကြိုးစားလျက်ရှိသည်။ နောက်ဆုံးအကြိမ် အစီရင်ခံခဲ့စဉ်ကအတိုင်း စခန်းတစ်ခုချင်းစီတွင် ၂၀၀၇ ခုနှစ် နှစ်ဝက်နှောင်းပိုင်းအတွင်း စစ်တမ်း ကောက်ယူမှု ပြုလုပ်နိုင်ခဲ့သည်။ ဤစစ်တမ်းက လူသစ်များထပ်ရောက်လာသော အိမ်ထောင်စုမှတ်တမ်းများ အသစ်ရေးဆွဲခြင်း၊ အခြေချရန် ထွက်ခွာသွားသူများနှင့် အလုပ်လုပ်ရန်၊ စာသင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် စသဖြင့် စခန်းပြင်ပရှိ ဒုက္ခသည်များအရေအတွက်တို့ကို ထပ်ဖြည့်ထားသည်။ အစီအစဉ်သစ်များကို လစဉ်ရိက္ခာပေးဦးရေ သတ်မှတ်ရန်အတွက် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

အောက်တွင်ဖော်ပြထားသောမြေပုံသည် ဇွန်လ ၃၀ ရက်အထိ တီဘီဘီစီ၏ ရိက္ခာပေးဦးရေကို UNHCR နှင့် MOI တွင် မှတ်ပုံတင်ထားသော လူဦးရေနှင့် နှိုင်းယှဉ်ဖော်ပြထားသည်။ UNHCR ၏ ဒုက္ခသည်ဦးရေ ၁၂၂၁၄၂ ဦးနှင့် နှိုင်းယှဉ်ပါက တီဘီဘီစီ၏ စုစုပေါင်း ရိက္ခာပေးဦးရေသည် ၁၃၈၉၇၀ ဦးရှိသည်။ တီဘီဘီစီဇယားတွင် မှတ်ပုံတင်ထားသူများနှင့် မှတ်ပုံမတင်ရသေးသူများ (၂၀၀၇ ခုနှစ် စစ်တမ်းအရ ၂၁၅၅၀ ဦးရှိသည်ဟု ခန့်မှန်းရပြီး ယခုပိုမိုများပြားလာနိုင်ပေသည်။) နှစ်မျိုးစလုံးပါဝင်သည်။ UNHCR ဇယားတွင် ၂၀၀၅ ခုနှစ်ကတည်းက ဝင်ရောက်လာသူ လူသစ်များကို အသိအမှတ်မပြုထားပေ။ (သို့သော်လည်း UNHCR ဇယားတွင် ပီအေဘီဆုံးဖြတ်ချက်အတွက် ၃၇၀၉ ဦးနှင့် ကျောင်းသား ၂၅၆၇ ဦးတို့ ပါဝင်နေသည်။) တီဘီဘီစီဇယားတွင် ဝေဟာန်ငစခန်းရှိ ဒုက္ခသည် ၆၄၉ ဦးလည်း ပါဝင်သည်။ ၎င်းတို့သည် UNHCR ဒုက္ခသည်ဦးရေတွင် မပါဝင်ပေ။

ဒီဇင်လာလကုန်တွင် တီဘီဘီစီ၏ ရိက္ခာပေးဦးရေသည် ၁၄၁၆၀၈ ဦးရှိခဲ့ပြီး ဤသည်က ထိုကာလအတွင်း ၂၆၃၈ ဦး လျော့ချခဲ့ကြောင်း ဆိုလိုသည်။ ဇန်နဝါရီလမှ ဇွန်လအထိ တတိယနိုင်ငံများသို့ ထွက်ခွာသွားသူပေါင်း ၁၀၀၄၄ ဦး၊ မွေးဖွားလာသူ ၂၉၁၄ ဦးနှင့် သေဆုံးသူ ၁၃၇ ဦး ရှိခဲ့သည်။ ဤတွင် လူသစ် ၄၅၈၉ ဦးပါဝင်သည်။ သို့သော်လည်း အထက်တွင်ဖော်ပြထားသည့် အကြောင်းချက်များဖြင့် ထိုအရေအတွက်ကို အထူးသတိပြုလေ့လာရမည် ဖြစ်သည်။

**တတိယနိုင်ငံများသို့ အခြေချခြင်း။** ။ ၂၀၀၅ ခုနှစ်အတွင်း တော်ဝင်ထိုင်းအစိုးရသည် တတိယနိုင်ငံများကို နယ်စပ်ဒေသတလျှောက်ရှိ စခန်းအားလုံးမှ မှတ်ပုံတင်ထားသော ဒုက္ခသည်များ အခြေချခွင့်ပြုရန် ခွင့်ပြုခဲ့ပြီး ၂၀၀၆ ခုနှစ်ကတည်းက ဒုက္ခသည်များသည် အဓိကအားဖြင့် ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဖင်လန်၊ အိုင်ယာလန်၊ နယ်သာလန်၊ နော်ဝေ၊ ဆွီဒင်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုစသော နိုင်ငံ ၁၁ နိုင်ငံသို့ ထွက်ခွာသွားနေကြသည်။

အခြေချခြင်းသည် လက်ရှိကာလတွင် ၂၀၀၄–၅ ခုနှစ် ပြန်လည်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွင်း တရားဝင် မှတ်ပုံတင်ထားသော ဒုက္ခသည်အားလုံးနှင့် နောက်ပိုင်း ပီအေဘီမှ အတည်ပြုထားသူများအတွက် ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် အခြေချရန်အတွက် ထိုင်းနိုင်ငံမှ ထွက်ခွာသွားသော မြန်မာဒုက္ခသည်ပေါင်း ၄၅၂၅ ဦး ရှိပြီး၊ ၂၀၀၇ ခုနှစ်တွင် ၁၄၃၃၅ ဦးရှိသည်။ ၇၀ ရာခိုင်နှုန်းသည် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားခဲ့ကြသည်။

၂၀၀၈ ခုနှစ်တွင် ဒုက္ခသည် ၁၇၀၀၀ ခန့် အခြေချရန် ထွက်ခွာလိမ့်မည်ဟု မျှော်လင့်ရပြီး၊ ဇွန်လ ၃၀ ရက်အထိ ၁၀၀၄၄ ဦး ထွက်ခွာသွားပြီးဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသို့ ၈၂၇၃ ဦး (၈၂ ရာခိုင်နှုန်း) ထွက်သွားခဲ့သည်။ အမေရိကသည် စခန်းအလိုက် စခန်းတွင်းအခြေချခြင်းကို ဖွင့်လှစ်ထားသည်။ ၂၀၀၆ ခုနှစ်တွင် သမ်ဟင်၊ ၂၀၀၇ ခုနှစ်ပထမနှစ်ဝက်တွင် မယ်လဒုက္ခသည်စခန်း၊ ၂၀၀၇ ခုနှစ် ဒုတိယနှစ်ဝက်တွင် အုန်းဖျန်မိုင်နှင့် နို့ဖိုးဒုက္ခသည်စခန်းတို့ ဖြစ်သည်။ ထို့ကြောင့် ၂၀၀၆ ခုနှစ်အတွင်း ထွက်ခွာသူအများစုသည် သမ်ဟင်စခန်းမှ ဖြစ်ပြီး၊ ၂၀၀၇ ခုနှစ်တွင် မယ်လဒုက္ခသည်စခန်းမှ ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် မယ်လနှင့် အုန်းဖျန်မိုင် တို့မှ ဖြစ်သည်။

နို့ဖိုးစခန်းမှ ထွက်ခွာသူဦးရေသည် ၂၀၀၈ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း များပြားလာလိမ့်မည် ဖြစ်ပြီး ယင်းကာလအတွင်း အမေရိကသည် ကျန်ရှိနေသော မယ်ဟောင်ဆောင်စခန်းများနှင့် ဘန်ဒွန်ယန်စခန်းများတွင် တတိယနိုင်ငံများဆီသို့ ထွက်ခွာအခြေချနိုင်ခွင့်ကို စတင်ခွင့်ပြုနေပြီ ဖြစ်သည်၊ ဖွင့်နေပြီဖြစ်သည်။ ၂၀၀၈ ခုနှစ်ထိ ထွက်ခွာသွားသူများသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။

| တည်နေရာ | ဩစတေးလျ | ကနေဒါ | ဒိန်းမတ် | ဖင်လန် | နယ်သာလန် | နော်ဝေ | နယူးဇီလန် | ဆွီဒင် | အင်္ဂလန် | အမေရိကန် | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ယခင်မြို့တွင်းနေထိုင်သူများ | ၄၃ | | | | | ၂ | | | | ၁၆ | | ၆၁ |
| စခန်း ၁ | | | | | | ၁ | | | | | | ၁ |
| စခန်း ၂ | ၅၁ | ၄ | | | | | | | | | | ၅၅ |
| မယ်လအွန်း | ၄၃ | ၈၀ | | | | | | | | | | ၁၂၃ |
| မယ်လမလောင် | ၄ | ၂၁၉ | | | | | | | | | | ၂၂၃ |
| မယ်လ | ၆၀၅ | ၁၂ | | ၂ | | ၉ | ၉ | | ၁၀ | ၃၅၄၅ | | ၄၁၉၂ |
| အုန်းဖျံမိုင် | ၁၁၄ | ၁၁ | | | | | ၄ | | ၁၆ | ၃၉၂၈ | | ၄၀၇၃ |
| နို့ဖိုး | ၁၀၃ | ၂ | | | | ၂ | | | ၃ | ၄၉၄ | | ၆၀၄ |
| ဘန့်ဒွန်းယိုင် | ၄၂ | | | | | | ၄ | | | ၃ | | ၄၉ |
| ထမ်ဟင်း | ၅၄ | | | ၂၄၀ | ၈၂ | | | | | ၂၈၇ | | ၆၆၃ |
| စုစုပေါင်း | ၁၀၅၉ | ၃၂၈ | | ၂၄၂ | ၉၀ | ၁၄ | ၁၇ | | ၂၉ | ၈၂၇၃ | | ၁၀၀၄၄ |

**သတင်းအရင်းအမြစ်။ ။ UNHCR**

အခြေချသူဦးရေသည် ၂၀၀၉ ခုနှစ်တွင် ၁၇၀၀၀ ဦးခန့်ရှိမည်ဟု ခန့်မှန်းရပြီး အများစုသည် မယ်ဟောင်ဆောင် စခန်းများဖြစ်သော ကရင်နီဒုက္ခသည်စခန်း အမှတ် ၁ နှင့် ၂ တို့မှ ဖြစ်လိမ့်မည်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဇွန်လ ၃၀ ရက်အထိ နယ်စပ်ဒေသတလွှားရှိ ဒုက္ခသည်စုစုပေါင်း ၇၄၈၀၄ ဦးတို့က ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်ကတည်းက အခြေချရန် စိတ်ဝင်စားမှုကို ပြခဲ့ကြသည်။

မြန်မာဒုက္ခသည်များအတွက် လက်ရှိကာလတွင် တခုတည်းသော အဖြေအဖြစ် အခြေချမှုကို ကြိုဆိုသော်လည်း ပညာအတတ်ဆုံးနှင့် ကျွမ်းကျင်လုပ်သားဒုက္ခသည်များ ထွက်ခွာသည့်အရေအတွက် မညီမျှမှုကြောင့် စခန်းတွင်း စီမံခန့်ခွဲမှုဆိုင်ရာနှင့် လူသားချင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအပေါ် သက်ရောက်မှုသည် စိုးရိမ်ဖွယ်ရာ ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ထိုင်းနိုင်ငံတွင်း အခြေမဲ့သူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ကော်မတီ (CCSDPT) နှင့် UNHCR တို့က ကျောင်းဆရာများ၊ ကျန်းမာရေးလုပ်သားများနှင့် စခန်းစီမံခန့်ခွဲရေးဝန်ထမ်းအများအပြားသည် အခြေချနေထိုင်ရန်အတွက် ထွက်ခွာလိမ့်မည်ဟု မျှော်လင့်ရကြောင်း အခိုင်အမာပြောဆိုခဲ့သည်။ ယင်းတို့ကပင်

ထိုင်းမြန်မာနယ်စပ်တွင် ထူးခြားသော လူထုအခြေပြုဝန်ဆောင်မှုလုပ်ငန်း၏ အောင်မြင်မှုအပေါ်တွင် တတိယနိုင်ငံအတွင်းအခြေချ နေထိုင်ရေး၏ သက်ရောက်မှုကို လုံးဝ အကာအကွယ်မပေးနိုင် ဖြစ်နေသည်၊

ကျွမ်းကျင်လုပ်သားများပြန်လည်အစားထိုးနိုင်ရေးအတွက် အလွယ်ကူဆုံး အဖြေများပင်တွင် အခက်အခဲများရှိနေသည်။ ဆိုလိုသည်မှာ လက်ရှိရှိနေသော အလုပ်ဖြစ်နိုင်သော ပညာအရည်အချင်းရှိသော သူများကို ကျောင်းဆရာများ သို့မဟုတ် ကျန်းမာရေးလုပ်သားများအဖြစ် သင်ကြားလေ့ကျင့်ပေးရန်မှာလည်း အကန့်အသတ်ဖြစ်နေသည်။ တချိန်ချိန်တွင် အစုလိုက်အပြုံလိုက်ထွက်ခွာမှုတွင် ပါဝင်သွားနိုင်သည်။ ဒုက္ခသည်များနေရာတွင် ထိုင်းနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားဝန်ထမ်းများကို အစားထိုး အလုပ်ခန့်အပ်ခြင်းသည်ကလည်း အလွန်ပင်ဈေးကြီးသော လုပ်ငန်းဖြစ်သည်။

CCSDPT သည် လက်ရှိတွင် အဖွဲ့ဝင်အေဂျင်စီများ၏ စစ်တမ်းပေါ် အခြေခံပြီး၊ လက်ရှိကာလထိ ရင်ဆိုင်ဖြေရှင်းခြင်း မဟာဗျူဟာများဆိုင်ရာ လေ့လာချက်တခုကို လုပ်ဆောင်လျက်ရှိသည်။ စစ်တမ်း၏ ကနဦးရလဒ်များက ၂၀၀၇–၈ ခုနှစ်အတွင်း ကျန်းမာရေး၊ ပညာရေးနှင့် စခန်းအုပ်ချုပ်ရေးပိုင်းများသည် စုစုပေါင်း အကျွမ်းကျင်ဆုံးဝန်ထမ်း ၅၀ ရာခိုင်နှုန်း ဆုံးရှုံးလိမ့်မည်ဟု အခိုင်အမာဖော်ပြသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (အန်ဂျီအိုများ) အားလုံးက ပိုမိုကောင်းမွန်သော သင်တန်းအစီအစဉ်များဖြင့် ပြန်လည်ဖြည့်စွက်ဆောင်ရွက် ကြသော်လည်း ယင်းလုပ်ငန်းအတွက် ထောက်ပံ့ကြေးငွေရှာရာတွင် အခက်အခဲများ ရင်ဆိုင်ခဲ့ကြရသည်။ အချို့ ဝန်ဆောင်မှုများကို လျော့ချထားပြီးဖြစ်ပြီး ဝန်ဆောင်မှုအဆင့်များသည်လည်း လျော့ကျလာကြောင်း ဖော်ပြကြသည်။ ဝန်ထမ်း၏စိတ်ပိုင်းဆိုင်ရာအပေါ်တွင် ဆိုးကျိုးသက်ရောက်မှုရှိနေခြင်းက အံ့ဩစရာမဟုတ်ပေ။

အဓိကကျသော ရင်ဆိုင်ဖြေရှင်းခြင်းမဟာဗျူဟာတစ်ခုက မြန်မာပြည်မှ ရောက်ရှိလာသော မှတ်ပုံမတင်ရသေးသည့် အလုပ်သမားများ အသုံးပြုခြင်း ဖြစ်ပြီး၊ လက်ရှိတွင် ၄င်းတို့သည် အန်ဂျီအိုအလုပ်သမားအားလုံး၏ ၂၀ ရာခိုင်နှုန်းကျော်ထိ ရှိလာသည်။ ထိုသူများကို ထွက်ခွာသွားသူများ၏ လုပ်ငန်းများတွင် အစားထိုးနိုင်သော်လည်း ၄င်းတို့သည် တိုင်းရင်းသားအုပ်စုမတူသူများပါသောကြောင့် ဘာသာစကားအခက်အခဲနှင့် အခြားပြဿနာများနှင့် မကြာခဏ ဖြစ်ပေါ်စေသည်။ ထိုင်းအာဏာပိုင်များက ၄င်းတို့၏ အပြုအမူများအပေါ် တရားဝင် ခွင့်ပြုထားခြင်း မရှိပေ။

## ဒုက္ခသည်များ ထွက်ခွာ ၂၀၀၈ – ဇွန်လ ၃၀ ရက်အထိ (ဇယား)

## လူဦးရေပါဝင်သော မြန်မာနယ်စပ် ဒုက္ခသည်စခန်းများ – ဇွန်လ ၂၀၀၈ (မြေပုံ)

ဆက်လက်ရှိနေသေးသော စိုးရိမ်ချက်များ၊ လိုအပ်ချက်များအား ကျန်ရှိနေသေးသော ဒုက္ခသည်များ၏ အနာဂတ်ဘဝကောင်းမွန်ရေးအတွက် ရေလတ်မဟာဗျူဟာရေးဆွဲခြင်းတွင် ထည့်သွင်းထားရမည်။ လက်ငင်း ကာလတွင် အန်ဂျီအိုများသည် လက်တလောလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် ဘဏ္ဍာငွေ ပိုမိုလို အပ်သည်။ သို့သော်လည်း ရေရှည်ကာလအတွက်တွင် ဒုက္ခသည်များကို အထောက်အပံ့ပေးခြင်းလုပ်ငန်းအား ထိုင်းကျန်းမာရေးနှင့် ပညာရေးစနစ်အတွင်း ထိထိရောက်ရောက်တိုးမြှင့်လုပ်ကိုင်သွားရန်မှာ ပို၍လက်တွေ့ကျ ကောင်းကျနိုင်သည်။

အခြေချနေထိုင်ရေးအစီအစဉ်၏ အစောပိုင်းကာလများတွင် ဒုက္ခသည်အများစုအတွက် မတူညီသော ယဉ်ကျေးမှုတစ်ခုအတွင်း ဘဝသစ်တစ်ခုရွေးချယ်တည်ဆောက်ခြင်းသည် ကြီးမားသော စိန်ခေါ်ချက်တခုဖြစ်ကာ၊ ထိုကဲ့သို့ ရွှေ့ပြောင်းအခြေချခြင်းအပေါ် နှစ်သက်သော သို့မဟုတ် မနှစ်သက်သော မသမာသူအုပ်စုများ သဘောမကျသူ အုပ်စုများ၏ လွှမ်းမိုးခြင်းကိုလည်း တခါတရံကြုံရတက်သည်။ သတင်းအချက်အလက်ဖြန့်ဝေခြင်း

လုပ်ရှားမှုများနှင့် ယဉ်ကျေးမှုမိတ်ဆက် အစီအစဉ်များက ယင်းပြဿနာကို ဖြေရှင်းနိုင်ရန် ကြိုးစားကြသော်လည်း အမှန်စစ်စစ်တွင် ဆုံးဖြတ်ချက် အများစုသည် လက်တွေ့မကျသော မျှော်မှန်းချက်များ သို့မဟုတ် ငုပ်လျှိုးနေသောအကြောက်တရားများမှတဆင့် အခြေခံလာခြင်း ဖြစ်သည်။ သို့သော်လည်း ၂၀၀၅ ခုနှစ်ကတည်းက ဒုက္ခသည်ပေါင်း ၃၀၀၀၀ ကျော်သည် တတိယနိုင်ငံများသို့ ထွက်ခွာသွားပြီး ဖြစ်သည်။ ထို့အတွက်ကြောင့် စခန်းတွင်းနေထိုင်သူများအနေဖြင့် အခြေချနေထိုင်ရေးအကြောင်း လေ့လာရန် ပိုမိုလွယ်ကူလာသည်။ ခေတ်သစ်ကာလဆက်သွယ်ရေးဆိုသည်က အခြေချနေထိုင်ပြီးသော ဒုက္ခသည်များသည်နှင့် ထိုင်းနိုင်ငံအတွင်း ဝေးလံခေါင်သီသော ဒုက္ခသည်စခန်းများအတွင်းရှိ ၎င်းတို့ မိသားစုဝင်များ၊ မိတ်ဆွေ သူငယ်ချင်းများနှင့် မကြာခဏ စကားပြောနိုင်လာခြင်း ဖြစ်သည်။

ယေဘူယျအားဖြင့် တတိယနိုင်ငံများတွင် အခြေချခြင်းနှင့်ပတ်သက်၍ ပြန်လည်ပြောဆိုချက်များသည် အပေါင်းလက္ခဏာဆန်သည်။ စခန်းတွင်းကန့်သတ်ချုပ်ချယ်မှုများမှ ကင်းလွတ်ခြင်း၊ ဘဝလုံခြုံသည်ဟု ခံစားရခြင်း၊ ၎င်းတို့ကလေးများအတွက် အနာဂတ်မျှော်မှန်းချက်ရှိခြင်း၊ အသက်ရှင်နေထိုင်ရန် အတွက် ကြိုးစားရုန်းကန်ရခြင်းနှင့် ယဉ်ကျေးမှုအသစ်တခုနှင့် တွေ့ကြုံကြခြင်းစသဖြင့် ဖြစ်သည်။ အိမ်ရှင်တိုင်းပြည် များရှိ အခြားဒုက္ခသည်အုပ်စုများနှင့် နှိုင်းယှဉ်ပါက မြန်မာပြည်သား (အဓိကအားဖြင့် ကရင်လူမျိုး)များသည် အလုပ်ကောင်းကောင်းလုပ်နိုင်ကြသည်။ အလုပ်ကြိုးစားသူများ နှင့် အပြန်အလှန်ကူညီရိုင်းပင်းတက်သော ခိုင်မာသော လူမှုအထောက်အပံ့စနစ်ရှိသူများဟု မြင်တွေ့ကြသည်။ တိုင်းတပါးတွင် အခြေချနေထိုင်ခြင်းများသည် မည်သည့်တွင်မှ ပြဿနာတခု၏ အဖြေတစ်ခု မဟုတ်သော်လည်း ခေါ်ယူသည့်နှုန်းကတော့ မြင့်မားလာသည့်ပုံ ပေါ်နေသည်။

**ရှမ်းဒုက္ခသည်များ။** ။ ၂၀၀၈ ခုနှစ် ပထမခြောက်လအတွင်း ထိုင်းနိုင်ငံ ဖန်းင ခရိုင်သို့ ရောက်ရှိလာသော ရှမ်းဒုက္ခသည်အရေအတွက်သည် ပျှမ်းမျှအားဖြင့် တလလျှင် ၃၅၀ ဦးရှိသည်။ ဒုက္ခသည်အများစုသည် ၁၉၉၆ ခုနှစ်မှစ၍ ရှမ်းပြည်နယ်တပ်မတော် (တောင်ပိုင်း) လှုပ်ရှားဒေသဖြစ်သည့် အလယ်ပိုင်းနှင့် တောင်ပိုင်းရှမ်းပြည်နယ်မှ အတင်းအကြပ် မောင်းထုတ်ခံရသော ဒေသများမှ စွန့်ခွာထွက်ပြေးလာသူများဖြစ်ကြသည်။ နအဖ တပ်ဖွဲ့များ၏ ဒေသခံအရပ်သားပြည်သူများအပေါ် ညှင်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှုနှင့် မုဒိမ်းကျင့်မှုများသည် လက်ရှိဖြစ် ပေါ်နေသော သောင်းကျန်းသူ ဆန့်ကျင်ရေးနည်းနာများ၏ နည်းလမ်း တစိတ်တပိုင်းအဖြစ် ဆက်လက် ဖြစ်ပေါ်လျက် ရှိသည်။ ကျေးရွာသားများသည် အတင်းအဓမ္မလုပ်အားပေးခိုင်းခံရခြင်း၊ မြေယာသိမ်းယူခံရခြင်း၊ ဇီဝ လောင်စာစီ အတွက်ဟုဆိုကာ ကြက်ဆူပင် နှင့် အခြားသီးနှံများ အတင်းအကြပ် စိုက်ခိုင်းခြင်းဒဏ်ကိုလည်း ခံနေရသည်။ မေလဆန္ဒခံယူပွဲမတိုင်ခင်နှင့် ဆန္ဒခံယူပွဲအတွင်း ကျေးလက်မဲရုံများတွင် မဲပေးရန်အတွက် စခန်းချထားသော နအဖ တပ်ဖွဲ့တပ်စုများ အတွက် ရိက္ခာများသယ်ယူပို့ဆောင်ပေးရန် ကျေးရွာသားများကို အတင်းအဓမ္မ ပေါ်တာဆွဲ ခိုင်းခဲ့သည်ဟု ရွာသားများက ဆိုခဲ့ကြသည်။

ရှမ်းပြည်နယ်တွင် ကိုယ်ပိုင် စပါးလုံလောက်မှုရှိသောကြောင့် နာဂစ်မုန်တိုင်းတိုက်ခတ်မှုသည် ကုန်ပစ္စည်းများနှင့် စျေးနှုန်းများအပေါ် သက်ရောက်မှုမရှိခဲ့ပေ။ သို့သော်လည်း မေလမှစတင်၍ အခြေခံအစားအစာများ (ဥပမာ – စားသုံးဆီနှင့် ဆား) ၏ စျေးနှုန်းများ ခုန်တက်သွားခဲ့သည်။ နာဂစ်ဒုက္ခသည်များအတွက် ကျွဲများနှင့် လယ်ယာသုံးထွန်စက်များ ဝယ်ယူရန်အတွက် ကျေးရွာသားများထံမှ ငွေကြေးနှင့် စပါးများကို နအဖ အာဏာပိုင်များ ကောက်ယူခြင်းနှင့်ပတ်သက်သော အစီရင်ခံစာများလည်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိသည်။ လမ်းမများ တလျှောက်ရှိ စစ်တပ်စစ်ဆေးရေးဂိတ်များသည်လည်း ဖြတ်သန်းသွားလာသော ယာဉ်များထံမှ ငွေကြေး “အလှူငွေများ” ကောက်ခံလျက်ရှိသည်။

ထိုင်းနိုင်ငံသို့ ၁၉၉၆ ခုနှစ်ကတည်းက အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းခံရသောဒေသများမှ ရှမ်းဒုက္ခသည်ပေါင်း ၂၀၀၀၀၀ ကျော် ရောက်ရှိလာသည်ဟု ယုံကြည်ရသည်။ ၎င်းတို့သည် ထိုင်းနိုင်ငံမြောက်ဘက်လွှားရှိ ယာခင်းများ၊ သစ်သီးခြံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အများစုနေထိုင်ကြသည်။

ထိုင်းနိုင်ငံမြောက်ဘက်နယ်စပ်တလျှောက်တွင် နိုင်ငံတွင်းအခြေမဲ့သူများအတွက် ရှမ်းဒုက္ခသည်စခန်းငါးခုလည်း ရှိသည်။ ထိုစခန်းများတွင် နိုင်ငံတွင်းအခြေမဲ့သူ ၅၉၀၀ ဦး နေထိုင်ပြီး၊ အားလုံးသည် ရှမ်းပြည်တပ်မတော်– (တောင်ပိုင်း) တပ်စခန်းများအနီးမှလာသော ဒုက္ခသည်များ ဖြစ်ကြသည်။ ထိုစခန်းများသည် နေထိုင်နေသူ ဒုက္ခသည်များသည် ထိုင်းနိုင်ငံမှ အတင်းအကြပ်မောင်းထုတ်ခံခဲ့ရသော ဒုက္ခသည်များ သို့မဟုတ် အဖမ်းခံရမည့်အရေးအား ကြောက်ရွံ့၍ ထိုင်းနိုင်ငံသို့ မဝင်ရဲသော ဒုက္ခသည်များ နေထိုင်ရာ စခန်းများ ဖြစ်သည်။ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) တပ်များအား နအဖတပ်များ၏ စဉ်ဆက်မပြတ် တိုက်ခိုက်မှုကြောင့် ထိုနိုင်ငံတွင်းအခြေမဲ့သူများ၏ လုံခြုံရေးသည် စိတ်ချရမှုမရှိပေ။ ၂၀၀၈ ခုနှစ်အစောပိုင်းကာလ အတွင်း ရှမ်း–ထိုင်းနယ်စပ် တလျှောက် စစ်တပ်ထိုးစစ်ဆင်မှုများ မရှိခဲ့သော်လည်း နအဖသည် နယ်စပ်တလျှောက်တွင် လမ်းဖောက်ခြင်းလုပ်ငန်းများကို ဆက်လက်တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ထိုလမ်းသစ်များက ထိုးစစ်တခု ဆင်နွှဲရာတွင် တပ်များနေရာချထားခြင်းအတွက် အထောက်အကူဖြစ်စေသည်။

ယေဘူယျအားဖြင့် ရှမ်းဒုက္ခသည်များကို ထိုင်းအာဏာပိုင်များက အသိအမှတ်မပြုသော်လည်း တီဘီဘီစီသည် ချင်းမိုင်ခရိုင် ဝေပေါင်ရှိ စခန်းငယ်တခုမှ ဒုက္ခသည် ၆၀၀ ကျော်ကို အစားအစာနှင့် အမိုးအကာပစ္စည်းများ ဆက်လက် ထောက်ပံ့ပေးလျက်ရှိသည်။ ထိုဒုက္ခသည်အများစုသည် ၂၀၀၂ ခုနှစ် မေလတိုက်ခိုက်မှုများမှ ထွက်ပြေးလာသူများ ဖြစ်ကြသည်။

**ရိုဟင်ဂျာလှေစီးဒုက္ခသည်များ။** ။ လွန်ခဲ့သည့် ခြောက်သွေ့ရာသီကာလနှစ်ခုအတွင်း ထိုင်းနိုင်ငံတောင်ပိုင်းသို့ ရောက်လာသော ရိုဟင်ဂျာလှေစီးဒုက္ခသည်များနှင့် ပတ်သက်၍ ဖြစ်ရပ်သစ်များ ရှိခဲ့သည်။ ၂၀၀၆ ခုနှစ် အောက်တိုဘာလမှ ၂၀၀၇ ခုနှစ် မေလအတွင်း ရိုဟင်ဂျာလူမျိုး ၃၃၀၀ ဦးခန့် သယ်ဆောင်လာသော လှေအစင်း ၈၀ ခန့် ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၂၀၀၇ ခုနှစ်မှ ဧပြီလ ၂၀၀၈ ခုနှစ်အတွင်း နောက်ထပ် လှေ ၆၅ စင်းနှင့်အတူ ရိုဟင်ဂျာ ၅၉၀၀ ဦး ရောက်ရှိခဲ့သည်။

ရိုဟင်ဂျာများသည် ရောက်ရောက်ချင်းအဖမ်းခံခဲ့ရပြီး အစဦးပိုင်း ၂၀၀၆ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်ပို့ရန်အတွက် မဲဆောက်သို့ ပို့ဆောင်ခြင်း ခံခဲ့ရသည်။ အချို့သည် ဒီကေဘီအေထိန်းချုပ်သောနယ်မြေများသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ အချို့က ထိုင်းတောင်ပိုင်းသို့ ပြန်လည် ခိုးဝင်လာခဲ့သည်။ အချို့က မဲဆောက်တွင် ဒုက္ခသည်အဖြစ်နေထိုင်ပြီး အခြားအနည်းစုကမူ ဒုက္ခသည်စခန်းများတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ဤသည်က နယ်စပ်အဖွဲ့အစည်းများအတွက် ပြဿနာအများအပြားဖြစ်စေခဲ့ပြီး၊ နောက်ပိုင်းတွင် ပြန်လည်ပို့ဆောင်ခြင်းကို ရနောင်းမှ တိုက်ရိုက်လုပ်ဆောင်ခဲ့သည်။ နောက်ဆုံး၌ ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် မဲဆောက်ဒေသတွင်း ကျန်ရစ်ခဲ့သူများကို ပြန်ဖမ်းဆီးကာ ထိုင်းနိုင်ငံတောင်ပိုင်းသို့ ပို့ဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ မဲဆောက်သို့ ထပ်၍ ပို့ဆောင်ခြင်းများ မရှိတော့ပေ။

ရိုဟင်ဂျာများသည် မြန်မာပြည်ဖွားများဖြစ်ကြပြီး အများစုသည် လူငယ်အမျိုးသားများဖြစ်ကြသည်။ ၎င်းတို့က ထိုင်းနိုင်ငံ သို့မဟုတ် မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် ခေါ်ဆောင်သွားပေးလိမ့်မည်ဟု ယုံကြည်ကာ လူပွဲစားများကို ပိုက်ဆံပေးခဲ့ကြသည်။ အများစုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဖြစ်ကြသည်။ သို့သော် ၎င်းတို့တွင် ဘင်္ဂလားဒေ့ရှ်နှင့်အနီးအနားဒေသများရှိ ဒုက္ခသည်စခန်းများမှ အခြား ရိုဟင်ဂျာများအပြင် ဘင်္ဂလားဒေ့ရှ်လူမျိုး အနည်းငယ်လည်း ပါဝင်သည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ၏ အရေးယူဆောင်ရွက်မှုများကြောင့် ၂၀၀၇–၈ ခုနှစ်တွင် ခိုးဝင်သောပုံစံ ပြောင်းလဲ ခဲ့သည်။ ဤပုံစံက လှေကြီးများကိုအသုံးပြုကာ မြန်မာနိုင်ငံမှ တိုက်ရိုက်ထွက်ခွာခြင်း ဖြစ်သည်။ လှေသုံးလေးစင်းနစ်မြုပ်မှုကြောင့် လူရာပေါင်းများစွာသေဆုံးခဲ့ရသည်ဟု ဆိုသည်။

ထိုင်းနိုင်ငံတွင်း အဖမ်းခံခဲ့ရသူများသည် မည်သည့်နေရာကိုမှ ပြန်မပို့ခင်အထိ ရနောင်းနှင့် ဖန်းငရို လူဝင်မှုကြီးကြပ်ရေးအချုပ်များတွင် ထိန်းသိမ်းထားခြင်း ခံကြရသည်။ အချုပ်ခန်းများတွင် မကြာခဏ လူပြည့်နေပြီး၊ နောက်ပိုင်းတွင် အများစုအား မလေးရှားသို့ ထပ်၍ ခိုးသွင်းကြသည်ဟု ယုံကြည်ရသည်။ မတ်လ ၂၈ ရက်နေ့တွင် ထိုင်းဝန်ကြီးချုပ်က လှေဖြင့်လာသောရိုဟင်ဂျာလူမျိုးများကို သီးသန့်ကျွန်းတကျွန်းတွင် ထိန်းသိမ်းရမည်ဟု ကြေညာခဲ့သည်။ ယင်းပြောဆိုချက်အား မူဝါဒတခုအဖြစ် ဆက်လက်အတည်ပြုခြင်းမရှိသေးသကဲ့သို့၊ နောက်ထပ်လူများ ထပ်မံဝင်ရောက်နေခြင်းကို ဟန့်တားမည်ဟူသော အယူအဆသည်လည်း လေထဲတွင် ရှိကောင်းရှိနေနိုင်သေးသည်။ သို့သော်လည်း ရွှေ့ပြောင်းအခြေချသူများသည် ၂၀ဝ၈ ခုနှစ် မုတ်သုန်ရာသီ ပြီးနောက်ပိုင်းတွင် ပြန်လည်ဝင်ရောက်လာမည်ကိုတော့ ရှောင်လွှဲ၍ မရနိုင်ပေ။

## ခ) ရှေ့ဦးဆောင်ရွက်မှုများ ပြင်ဆင်ခြင်းနှင့် တောဝင်ထိုင်းအစိုးရမူဝါဒ

၂၀ဝ၅ ခုနှစ် ဧပြီလတွင် UNHCR နှင့် CCSDPT တို့က ကာလရှည်ကြာစွာ အမြစ်တွယ်ပေါ်ပေါက်နေသော ဒုက္ခသည်အခြေအနေများအပေါ် ပိုမိုပြည့်စုံသော ချဉ်းကပ်မှုတခုရရှိရေးအတွက် ထိုင်းအာဏာပိုင်များကို လှုံ့ဆော်စည်းရုံးမများ စတင် ပြုလုပ်ခဲ့သည်။ ဒုက္ခသည်များအတွက် ကျွမ်းကျင်မှုအရည်အသွေးတိုးတက်မှုဆိုင်ရာ သင်တန်းများနှင့် (အဆင့်မြင့်) ပညာရေးအခွင့်အလမ်းများခွင့်ပြုပေးရန်သာမက ဝင်ငွေရှာဖွေရေးလုပ်ငန်းများနှင့် အလုပ်များခွင့်ပြုပေးအတွက် စဉ်းစားပေးရန် မေတ္တာရပ်ခံခဲ့သည်။ ဒုက္ခသည်များကို အလုပ်လုပ်ခွင့်ပြုခြင်းသည် ထိုင်းစီးပွားရေးကိုအကျိုးပြုစေရုံသာမက ဒုက္ခသည်များ၏ ကိုယ်ပိုင်ရပ်တည်မှုနှင့် သိက္ခာတို့ကို မြင့်တင်ပေးရာလည်းရောက်သည်ဟု အကြံပြုတင်ပြထားသည်။ ထိုကဲ့သို့ ချဉ်းကပ်မှုမျိုးသည် ရေရှည်ကာလ လူသားချင်းဆိုင်ရာ အကူအညီပေးမှုလိုအပ်ချက်ကို တဖြည်းဖြည်း လျော့ကျလာစေနိုင်လိမ့်မည် ဖြစ်သည်။

ငင်းယူဆချက်များကို CCSDPT/ UNHCR ၏ဘက်စုံစီမံကိန်းတွင် ထည့်သွင်းထားခဲ့သည်။ တော်ဝင်ထိုင်းအစိုးရ၏ချက်ချင်းလက်ငင်းတုန့်ပြန်ချက်သည် အားရဖွယ်ကောင်းခဲ့သည်။ ၂၀ဝ၆ ခုနှစ်တွင် MOI က အန်ဂျီအိုများအား ဝင်ငွေဖန်းတည်းပေးသော ဖြစ်နိုင်ချေ သင်တန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး၊ ထိုနှစ်အတွင်းမှာပင် စခန်းများအတွင်း ပညာရေးမြင့်မားမှုနှင့် စခန်း ၃ ခုအတွင်း စမ်းသပ်ပရောဂျက်များမှတဆင့် ဖြစ်နိုင်ချေ အလုပ်ခန့်အပ်မှုများကို ရှာဖွေစဉ်းစားမည်ဟု တော်ဝင်ထိုင်းအစိုးရက ကတိကဝတ်ပြုခဲ့သည်။

ငင်း ဘက်စုံစီမံကိန်းအား အချက်အလက်များဆက်တိုက်ဖြည့်စွက်ထားသော်လည်း ယခုအချိန်အထိပင် ယင်းစီမံချက်အား ခိုင်မာသော လုပ်ငန်းတခုအဖြစ် ပြန်လည်သွတ်သွင်းရန်အတွက် အခက်အခဲ ရှိနေသေးသည်။ အန်ဂျီအို အချို့၏ အသက်မွေးဝမ်းကြောင်းသင်တန်းအစီအစဉ်များ ချဲ့ထွင်နေသော်လည်း ဝင်ငွေ ဖန်တည်းပေးသော ပရောဂျက် အနည်းငယ်သည်သာ အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်သေးသည်။ မယ်လစခန်း ပြင်ပတွင် စိုက်ပျိုးရေးစီမံချက်တခု တည်ဆောက်ထားခြင်း၊ လက်တဆုပ်စာမျှသော ဒုက္ခသည်များအတွက်သာ ထိုင်းတက္ကသိုလ်များ၌ ပညာသင်ကြားနိုင်ခွင့်ပြုရေး စဉ်းစားထားခြင်း စသည့်ကိစ္စရပ်များသာ ဖြစ်ထွန်းနေဆဲဖြစ်ပြီး ဒုက္ခသည်အများစု ဘဝများ ပြောင်းလဲခြင်း မရှိသေးပေ။ မဝေးလှသော ကာလအတွင်း ဒုက္ခသည်များ ကိုယ့်အားကိုယ်ကိုးနိုင်သော အရေးကြီးသည့်အဆင့်တခုအဖြစ်သို့ ရောက်ရှိလာရေး မျှော်မှန်းချက်အတွက် လုံလောက်သော အားစိုက်ထုတ်မှု အရှိန် မရှိသေးပေ။

ကြုံတွေ့ခဲ့ရသော အခက်အခဲများတွင် လုပ်ငန်းအသစ်များ ဖန်တည်းရန်အတွက် နည်းပညာနှင့် ငွေကြေးအရင်းအမြစ်နည်းပါးမှု နှင့် ပရောဂျက်များအတွက် တော်ဝင်ထိုင်းအစိုးရထံမှ သဘောတူညီချက်ရရှိရန် ခက်ခဲခြင်းများ ပါဝင်သည်။ ဒုက္ခသည်ကိစ္စရပ်အား ဖြေရှင်းရန်အတွက် တော်ဝင်ထိုင်းအစိုးရတွင် ရေရှည်မူဝါဒတခု တည်ဆောက်ထားခြင်းမရှိခြင်းမှာ အဓိက အခက်အခဲတခုဖြစ်သည်။ ၂၀ဝ၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော တော်ဝင်ထိုင်းအစိုးရနှင့် အန်ဂျီအိုများအကြားပြုလုပ်သော နှစ်ပတ်လည်အစည်းအဝေးတခုတွင် တော်ဝင်ထိုင်းအစိုးရ

ပြောရေးဆိုခွင့်ရှိသူများက နိုင်ငံတော်လုံခြုံရေးအတွက် စခန်းများကို ထိန်းချုပ်ထားရန် လိုအပ်ကြောင်းနှင့် ဒုက္ခသည်များသည် စခန်းစည်းအတွင်းတွင်သာ နေထိုင်ရန်လိုအပ်သည်ကိုသာ အထူးအလေးပြု ပြောဆိုခဲ့ကြသည်။

အလှူရှင်အချို့က တိုးတက်မှုများ မရှိနေခြင်းအပေါ် ၎င်းတို့၏ စိုးရိမ်ချက်များကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ၂၀၀၇ ခုနှစ်အတွင်း ယင်းကိစ္စရပ်အား ဖြေရှင်းရန်အတွက် အလှူရှင်အလုပ်အဖွဲ့အစည်းအဝေးတရပ်ကျင်းပခဲ့သည်။ CCSDPT၊ UNHCR နှင့် အခြား တော်ဝင်ထိုင်းအစိုးရ ကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးများ ကြိမ်ဖန်များစွာ ကျင်းပပြီးနောက် UNHCR / CCSDPT သည် နှစ်လတ်စီမံကိန်း (၅ နှစ်) မဟာဗျူဟာတရပ်ချ၍ လုပ်ဆောင် သင့်သည်ဟု သဘောတူညီခဲ့သည်။ ဖေဖော်ဝါရီလတွင် UNHCR၊ CCSDPT သည် အလှူရှင်များသို့ တဖြည်းဖြည်း စခန်းများဖွင့်ထားခြင်းနှင့် ဒုက္ခသည်များ၏ ကိုယ့်အားကိုယ်ကိုးမှု တိုးမြင့်လာစေမည့် အစပြုလုပ်ငန်းများနှင့် ပတ်သက်၍ ထုတ်ပြန်ချက်တစောင်အား တင်ပြခဲ့သည်။

- ထွက်ခွာအခြေချမှု၏ သက်ရောက်မှုများကို အမြင့်ဆုံးအဆင့်တွင် ထားသင့်သည်။ ဤသည်က စခန်းအတွင်း နှစ်ကာလကြာရှည်စွာ စခန်းအတွင်း ပိတ်မိနေသော ဒုက္ခသည်များကို "ဘဝသစ်" စတင်ရန် အခွင့်အလမ်းပေးခြင်းနှင့် ရေတိုကာလအတွင်း စခန်းတွင်းလူဦးရေကို လျော့ချခြင်းအတွက် အခိုင်အမာဆုံးသော အဖြေတခုဖြစ်နေသည်။ တချိန်တည်းမှာပင် ပီအေဘီ၏ စွမ်းဆောင်ရည် အားကောင်းစေရန်နှင့် ပိုမိုထိရောက်လုံလောက်သော စနစ်တခုအဖြစ် လုပ်ဆောင်ခြင်းဖြင့် မြန်မာပြည်၏ ပဋိပက္ခဒေသများမှ လွတ်မြောက်လာကြဆဲဖြစ်သော လူသစ်များအတွက် ခိုလှုံခွင့်နေရာထားထားရန် အရေးကြီးသည်။
- တချိန်တည်း၌ PAB ၏ လုပ်ပိုင်ခွင့်များကို အားဖြည့်ပေးခြင်း၊ ပိုမိုပြည့်စုံသော၊ ထိရောက်သော စနစ် အဖြစ်တည်ဆောက်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပဋိပက္ခမှ ထွက်ပြေးလွတ်မြောက်လာသော ဒုက္ခသည်အစစ်အမှန်များအတွက် ခိုလှုံခွင့်အခွင့်အလန်းများ ဆက်လက်ရှိနေစေရေးမှာ အရေးကြီးသော အချက်တခုဖြစ်သည်။
- ရှိနေသောအထောက်အပံ့အစီအစဉ်၏ လုံလောက်မှုကို အမြင့်ဆုံးအဆင့်တွင် ထားရှိသင့်သည်။ ယင်းလုပ်ငန်းတွင် အထောက်အပံ့ရသင့်သူများသာ အထောက်အပံ့ရသင့်ပြီး၊ ကိုယ်ကျိုးရှာ မသမာသူများ လက်ဝယ် ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းပါးစေရေးပါဝင်သည်။ ထို့အပြင် ထွက်ခွာ အခြေချမှုများ ပြီးမြောက်သွား၍ လုံလောက်သော နေရာအကျယ်အဝန်းရှိသည်နှင့် တပြိုင်နက်တည်း၊ စခန်း အရေအတွက်ကို လျော့ချသင့်သည်။ သို့မှသာ ထွက်ခွာအခြေချမှု အခွင့်အလမ်းမရသော ဒုက္ခသည်များအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်မည် ဖြစ်သည်။
- အလုပ်ရနိုင်ခွင့်နှင့် အသက်ရှင်ရပ်တည်ခွင့်များတိုးတက်လာစေရန်အတွက် ဒုက္ခသည်များ၏ ကျွမ်းကျင်မှုနှင့် ပညာရေးတို့ကိုလည်း တိုးမြင့်လုပ်ဆောင်ပေးသင့်သည်။
- ဝင်ငွေရှာဖွေရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများကိုလည်း မြှင့်တင်ပေးသင့်သည်။ စခန်းများ ပြင်ပတွင် တရားဝင်အလုပ်လုပ်ကိုင်နိုင်ရန် ဒုက္ခသည်များအတွက် စီမံပေးမှုများလည်း ပြုလုပ်သင့်သည်။
- တဆက်တည်းမှာပင် ထောက်ပံ့ပေးနေပြီဖြစ်သော ကျန်းမာရေး အာဏာပိုင်များနှင့် ထိုင်းပညာရေး အထောက်အပံ့အပါအဝင် အခြားအစားထိုးဝန်ဆောင်မှုပေးလိုသူများကိုလည်း ရှာဖွေသင့်သည်။ တော်ဝင်ထိုင်းအစိုးရအနေဖြင့် ၎င်းတို့၏ နိုင်ငံတော်အစီအစဉ်တွင် ဒုက္ခသည်များအား အထောက်အပံ့များပေးရေးအတွက် ထည့်သွင်းစဉ်းစားမှုအား တဖြည်းဖြည်းဖြင့် တိုးမြင့် စဉ်းစားသင့်သည်။

“တော်ဝင်ထိုင်းအစိုးရ၏ ရာနှုန်းပြည့် ပူးပေါင်းလုပ်ဆောင်မှုနှင့် သိနိုဒ္ဒါန်ခိုင်ကြည်မှုသည် ယင်းလုပ်ငန်းများ ထထမြောက်မြောက်ဖြင့် အောင်မြင်စွာ ရှေ့သို့တက်လှမ်းရန်အတွက် အရေးကြီးသော အခြေအနေတစ်ခု ဖြစ်သည် ” ဟု ထုတ်ပြန်ချက်က ကောက်ချက်ချခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ဥရောပကော်မရှင် နှင့် ဗြိတိန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဌာနတို့က ပြုလုပ်သော လေ့လာချက် နှစ်ခုတွင် ထိုရည်ရွယ်ချက်များအကောင်အထည်ပေါ်ရေးအတွက် အလှူရှင်များ၏ စိတ်ပါဝင်စားမှုကို အခိုင်အမာဖော်ပြခဲ့ပြီး၊ လာမည့်လများတွင် အလှူရှင်များ၊ တော်ဝင်ထိုင်းအစိုးရ၊ UNHCR နှင့် CCSDPT တို့အကြား ဆွေးနွေးမှုသည် ဒုက္ခသည်များ၏ ကိုယ့်အားကိုယ်ကိုးနိုင်မှု မြင့်မားလာရေးနှင့် အထောက်အပံ့များအပေါ် ရပ်တည်နေရမှု လျော့ကျလာစေရေးကိုဦးတည်သော ရေလတ် မဟာဗျူဟာတစ်ခု ပေါ်ပေါက်လာစေရေးကို ဦးတည်နိုင်သည်ဟု မျှော်လင့်ကြသည်။

## ဂ) ရွှေ့ပြောင်းအလုပ်သမားများ

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားပေါင်း ၂ သန်းကျော်ရှိပြီး၊ ထိုအနက်မှ အနည်းဆုံး ၈၀ ရာခိုင်နှုန်းသည် မြန်မာပြည်မှ လာရောက်သူများဟု ယူဆရသည်။ ယခုအချိန်ထိ အပြည့်စုံသုံးသော မှတ်ပုံတင်ခြင်းလုပ်ငန်းသည် ၂၀၀၄ ခုနှစ်အတွင်း ရွှေ့ပြောင်းအလုပ်သမားအားလုံးကို အာဏာပိုင်များထံတွင် လာရောက်မှတ်ပုံတင်ခွင့် ပြုခဲ့သောလုပ်ငန်းဖြစ်ပြီး၊ အလုပ်သမားများနှင့် မှီခိုသူများအပါအဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၂၈၄၉၂၀ ဦးကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အလုပ်သမား ၈၄၈၅၅၂ ဦးကို တနှစ်တာအလုပ်လုပ်ခွင့်ကဒ်ပြားထုတ်ပေးခဲ့ပြီး၊ ထိုင်းကျန်းမာရေး ဝန်ဆောင်မှုများတွင် ကုသခွင့်ပေးခဲ့သည်။ နောက်ထပ်သုံးနှစ်အကြာတွင် ထိုရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည် မှတ်ပုံတင်ရန် ခွင့်ပြုခဲ့ကာ နှစ်စဉ်နှစ်တိုင်း မှတ်ပုံတင်သည့်အရေအတွက်ထက် လျော့နည်းလာခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရွှေ့ပြောင်းနေထိုင်သူ ၂၀၈၅၆၂ ဦးကို ထပ်မံ၍ အလုပ်လုပ်ခွင့်ကဒ်ပြား ထုတ်ပေးခဲ့သည်။ သို့သော် ၂၀၀၇ ခုနှစ်တွင် မြန်မာပြည်သား ၄၈၅၉၂၅ ဦးအပါအဝင် မှတ်ပုံတင်ထားသော အလုပ်သမားဦးရေစုစုပေါင်း ၅၃၂၃၀၅ ဦးသာ ရှိခဲ့သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် တော်ဝင်ထိုင်းအစိုးရက ရွှေ့ပြောင်းအလုပ်သမားများအား ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ နောက်ထပ် နှစ်နှစ် နေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်ကဒ်ပြားများ ထပ်တိုးမြှင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။ အလုပ်လုပ်ခွင့်ကဒ်ပြားသက်တမ်းရှိသေးသူများနှင့် အလုပ်လုပ်ခွင့်ကဒ်ပြားသက်တမ်းကုန်ဆုံးသွားသူများအပါအဝင် လက်ရှိရှိနေသော အလုပ်သမားများ ပြန်လည်မှတ်ပုံတင်ရန်အတွက် ၂၀၀၈ ခုနှစ် ပထမခြောက်လအထိ အချိန် သတ်မှတ်ထားခဲ့သည်။

ဤသည်က ၂၀၀၈ ခုနှစ်တွင် မှတ်ပုံတင်လာမည့် အလုပ်သမားဦးရေ တိုးမြင့်လာလိမ့်မည်ဟု မျှော်မှန်းခဲ့သည်။ သို့သော် မကြာသေးမီ ထုတ်ပြန်ခဲ့သော အချက်အလက်များအရ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉၀၁၀၇ ဦးသာ မှတ်ပုံတင် ထားခဲ့သည်။ ထိုင်းအာဏာပိုင်များသည် ထိုရလာဒ်ကို ပြန်လည်စစ်ဆေးနေကြပြီး မှတ်ပုံတင်ခြင်း အခွင့်အလမ်းသစ်တစ်ခု ကမ်းလှမ်းနိုင်မည့် အလားအလာရှိသည်ဟု နားလည်ရသည်။ သို့သော်လည်း ယခင်က တကြိမ်တခါမျှ မှတ်ပုံမတင်ဖူးသေးသူများအတွက် လမ်းဖွင့်ပေးမည့် အစီအစဉ်မရှိပါက တိုင်းပြည်အတွင်း ထောင်ရာ ပေါင်းများစွာသော ရွှေ့ပြောင်းအလုပ်သမားများသည် တရားမဝင်အလုပ်သမားများအဖြစ် ဆက်လက်ရှိ နေအုံးမည်ဖြစ်သည်။

၂၀၀၈ ခုနှစ်အတွင်း ရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေးအပေါ်တွင် သတ်ရောက်မှုရှိသော ဥပဒေနှစ်ခု ထုတ်ပြန်ခဲ့သည်။ ၎င်းဥပဒေများမှာ နိုင်ငံခြားသားအလုပ်လုပ်ကိုင်ခြင်းဥပဒေ (ဖေဖော်ဝါရီ ၂၃) နှင့် နိုင်ငံသားမှတ်ပုံတင်ခြင်းဥပဒေ (ဖေဖော်ဝါရီ ၂၅) ဖြစ်သည်။ ယခင်ဥပဒေသည် နိုင်ငံခြားသား အလုပ်သမားအလုပ်လုပ်ခွင့် နှင့် ပတ်သက်၍ အချို့ ကဏ္ဍများတွင် ပို၍ညင်ညင်သာသာ ခွင့်ပြုထားသော်လည်း တရားမဝင် အလုပ်သမားအသုံးပြုနေခြင်းနှင့် ပတ်သက်၍ သတင်းပေးနိုင်သူကို ငွေကြေးဆုလာဘ်ပေးသည့်စနစ်ကို စတင်ကျင့်သုံးလာခြင့်ဖြင့် နိုင်ငံခြားသားအလုပ်သမားများနှင့် အလုပ်ရှင်များအပေါ် အပြစ်ပေးအရေးယူမှုက တစစ ပြင်းထန်လာသည်။ ဒုတိယဥပဒေသည် ရွှေ့ပြောင်းအလုပ်သမားများမှ မွေးဖွားလာသော ကလေးများအား မွေးစာရင်းများ ထုတ်ပေးခွင့် အခွင့်အရေးအတွက် ဥပဒေပြုခြင်းဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားအများအပြားသည် စခန်းအတွင်းနေထိုင်နေသူများကဲ့သို့ပင် လူ့အခွင့်အရေး ချိုးဖောက်ခံ ရခြင်းများကြောင့် ၎င်းတို့အိုးအိမ်များသို့ ထွက်ပြေးစွန့်ခွာလာရသည့် “ဒုက္ခသည်များ”ပင်ဖြစ်သည်။ ၎င်းတို့သည် စခန်းအတွင်း ဝင်ရောက်မနေထိုင်ရခြင်းအကြောင်းမှာ ၎င်းတို့၏ ရွေးချယ်ချက်အရသော်လည်းကောင်း၊ တူညီသော လူမှုအဝန်းအဝိုင်းမှ မဟုတ်၍သော်လည်းကောင်း သို့မဟုတ် လက်တွေ့ကျသော ဝင်ခွင့်ပြုသည့် စနစ် ၎င်းတို့အတွက် မရှိခြင်းကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ ထိုင်းနိုင်ငံသည် ရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်အားများစွာ လိုအပ်နေပြီး၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ဘက်စုံခြုံငုံမိသော မူဝါဒတရပ်ရှိပါက ၎င်းဒုက္ခသည်များအတွက် အကာအကွယ်တခုအဖြစ်ပေးနိုင်သည့်အပြင် အသက်ရှင်ရပ်တည်ရေးအတွက်လည်း အခွင့်အလန်းတခု ဖန်တည်းပေးကောင်းနိုင်သည်။

## ဃ) နိုင်ငံတွင်းအိုးအိမ်မဲ့များ။ ။ မြန်မာပြည်အရှေ့ဘက်ခြမ်းရှိ အခြေအနေ

ထိုင်းနိုင်ငံတွင် နေထိုင်နေသော အသစ်ဒုက္ခသည်အများစုသည် မြန်မာနိုင်ငံအတွင်း အိုးအိမ်မဲ့ လှည့်လည်နေထိုင်ခဲ့သူများ ဖြစ်ကြသည်။ လူထုအခြေပြုအဖွဲ့အစည်းများက ပြုလုပ်သော ကွင်းဆင်းစစ်တမ်းများအရ မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း နိုင်ငံတွင်း အိုးအိမ်မဲ့လှည့်လည်နေထိုင်သူဦးရေ အနည်းဆုံး သန်းတဝက်ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ ၂၀၀၇ ခုနှစ်တွင် ယင်းခန့်မှန်းချေလူဦးရေတွင် တိုင်းရင်းသားလူမျိုးစုများ ထိန်းချုပ်ရာ အပစ်ရပ်ဒေသများအတွင်း တည်ရှိသော ယာယီစခန်းများအတွင်း နေထိုင်သူ ခန့်မှန်းချေ ပြည်သူ ၂၈၅၀၀၀ ဦး၊ ပဋိပက္ခ နှင့် ကျူးလွန်မှုများ အဖြစ်များဆုံးသော ဒေသအတွင်း နအဖ၏ ရန်မှ ပုန်းရှောင်နေကြသော အရပ်သားပြည်သူ အနည်းဆုံး ၉၉၀၀၀ နှင့် နအဖ၏ အတင်းအကြပ်ပြောင်းရွှေ့ရေးအမိန့်အား လိုက်နာ၍ သတ်မှတ်ရာရွှေ့ပြောင်းရေးစခန်းများအတွင်းနေထိုင်နေရသော ကျေးရွာသား ၁၀၉၀၀၀ ဦးတို့ပါဝင်သည်။ အောက်ဖော်ပြပါ ဇယားကွက်သည် ၂၀၀၇ ခုနှစ် အကုန်ပိုင်းအထိ နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်နေထိုင်သူများ၏ ဖြန့်ကျက်မှုများ အကျဉ်းချုပ်တင်ပြထားပြီး၊ နောက်ဆက်တွဲ (ဆ) တွင် နိုင်ငံတွင်းအခြေမဲ့ဖြစ်ရမှု၏ အကြောင်းရင်း အကျဉ်းချုပ်ကို ဖော်ပြထားသည်။

**၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံအရှေ့ခြမ်း နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်နေထိုင်သူများ ဖြန့်ကျက်မှု**

| ပြည်နယ်နှင့် တိုင်းများ | ပုန်းအောင်း နေ ထိုင်နေသော **IDP** ပြည်သူများ | ရွှေ့ပြောင်းရေးစခန်းများတွင် နေထိုင်နေသော **IDP** ပြည်သူများ | အပစ်ရပ်ဒေသများတွင် နေထိုင်သော **IDP** ပြည်သူများ | စုစုပေါင်း **IDP** ပြည်သူဦးရေ |
|---|---|---|---|---|
| တောင်ပိုင်း ရှမ်းပြည်နယ် | ၁၃၇၀၀ | ၂၄၁၀၀ | ၁၂၆၀၀၀ | ၁၆၃၀၀၀ |

| | | | | |
|---|---|---|---|---|
| ကရင်နီ ပြည်နယ် | ၁၀၀၀၀ | ၄၈၀၀ | ၆၆၂၀၀ | ၈၁၀၀၀ |
| ပဲခူးတိုင်း အရှေ့ခြမ်း | ၁၈၇၀၀ | ၁၂၂၀၀ | ၀ | ၃၀၉၀၀ |
| ကရင်ပြည်နယ် | ၅၁၆၀၀ | ၉၇၀၀ | ၅၅၆၀၀ | ၁၁၆၉၀၀ |
| မွန်ပြည်နယ် | ၆၀၀ | ၇၂၀၀ | ၄၁၆၀၀ | ၄၉၄၀၀ |
| တနင်္သာရီတိုင်း | ၄၄၀၀ | ၅၁၀၀၀ | ၅၆၀၀ | ၆၁၀၀၀ |
| စုစုပေါင်း | ၉၉၀၀၀ | ၁၀၉၀၀၀ | ၂၉၅၀၀၀ | ၅၀၃၀၀၀ |

**ရှမ်းပြည်နယ်တောင်ပိုင်း။** ။ နအဖက လုပ်ဆောင်နေဆောင်နေသော ဝိသမလောဘ စီးပွားရေးလုပ်ငန်းများသည် ရှမ်းပြည်နယ် တောင်ပိုင်းတွင် ဆင်းရဲမွဲတေမှုနှင့် အခြေမဲ့ဖြစ်ရခြင်းများ၏ အဓိကအကျဆုံး အကြောင်းရင်းများ ဖြစ်သည်။လက်နက်ကိုင်အတိုက်အခံအင်အားစုများကို စာနာထောက်ခံသူဟုသံသယရှိသော ပဋိပက္ခများ ပြင်းပြင်းထန်ထန်ဖြစ်ပွားနေသော ဒေသများတွင် အခြေအနေသည် အဆိုးဆုံးအနေအထားတွင် ဖြစ်သည်။ ဒေသများ စာနာကူညီပေးသည့် ရွာသားများအပေါ် သံသယဖြစ်မှုကို ဖြစ်စေသည်။ ရှမ်းပြည်နယ်အလယ်ပိုင်းမှ ထိုင်းနယ်စပ် နှင့် ရှမ်းအကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (SRDC) သို့ ရောက်ရှိလာသော အသစ်ရောက်ရှိလာသူ လူသစ်များ၏ သက်သေ ထွက်ဆိုချက်များက လိုင်ခ နှင့် နမ့်ဇန်မြို့နယ်များအတွင်းရှိ ကျေးရွာလေးရွာအား အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း၊ မွန်ကောင်းမြို့နယ်တွင် မြေယာအများအပြားသိမ်းယူခံရခြင်း၊ မွန်နိုင်းမြို့နယ်ရှိ ကျေးရွာ ၁၇ ရွာတွင် တပ်တည်ထားသော စစ်စခန်းများအတွက် အတင်းအကြပ် အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ ဆီဆိုင်မြို့နယ်တွင် အတင်းအဓမ္မတပ်သားစုဆောင်းခြင်းနှင့် ငွေကောက်ခံယူခြင်းများ ဖြစ်ပေါ်နေသည်ဟု အစီရင်ခံတင်ပြခဲ့သည်။ အခြားအခြေမဲ့မှုနှင့် ချိုးဖောက်မှုများမှာ နိုင်ငံတော်က ခွင့်ပြုထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များနှသင့် ဆက်နွယ်သည်။ ဥပမာ ထိုင်းနှင့် ရုရှား ရင်းနှီးမြှုပ်နှံ သူများ ငွေကြေးပံ့ပိုးပေးထားသော ခူဆီမြို့နယ်ရှိ ကျောက်မီးသွေးတွင်းလုပ်ငန်းသစ် နှင့် ယခုအချိန်တွင် တရုပ်ရင်းနှီးမြှုပ်နှံသူများက ငွေကြေးမြှုပ်နှံထားသော သံလွင်ရေကာတာတည်ဆောက်ရေးလုပ်ငန်း စသည့် လုပ်ငန်းများကြောင့် လူထုက ထိုနေရာများမှ ထွက်ခွာပေးနေရသည်။

**ကရင်နီ (ကယား) ပြည်နယ်။** ။ လွန်ခဲ့သည့်နှစ်များအတွင်း အခြေမဲ့မှုနှင့် ပဋိပက္ခများသည် မြောက်ပိုင်း ရှားဒေါ်မြို့နယ်နှင့် တောင်ပိုင်း ဖါးဆောင်းမြို့နယ်များတွင် အများအပြားဖြစ်ပွားခဲ့သည်။ ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ (KSWDC) က ပြန်လည်နေရာချထားသောစခန်းများ၏ အပြင်ဘက်ခရီးသွားလာခွင့် ကန့်သတ်မှုများကို မကြာခင်က ပိုမိုတင်ကြပ်လာခဲ့ကြောင်း၊ ရှားဒေါဒေသရှိပြည်သူများကို ၎င်းတို့၏ လယ်ယာမြေများ တွင် လုပ်ကိုင်ခွင့် တားမြစ်ထားခဲ့ပြီး၊ ပြည်သူများ ၎င်းတို့ရွာဟောင်းထံ ပြန်လာခဲ့ပါလျှင် အနီးအနားဒေသရှိ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) လှုပ်ရှားမှုများအတွက် တာဝန်ခံရမည်ဖြစ်ကြောင်း နအဖ ဒေသအာဏာပိုင်များ ခြိမ်းခြောက်ခဲ့ခြင်းများရှိကြောင်း အစီရင်ခံခဲ့သည်။ ဖါးဆောင်းမြို့နယ်ရှိ ခဲမိုင်းတွင်းများ တူးဖော်ခြင်းသည် နအဖ၊ ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (KNSO)၊ ကရင်နီအမျိုးသားပြည်သူ့ လွတ်မြောက်ရေးတပ်ဦး (KNPLF) တို့၏ဩဇာလွှမ်းမိုးမှုအောက်ရှိ ရွာများ၌ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများ နှင့် ကင်းလှည့်တပ်ဖွဲ့များက အနီးအနားဒေသအတွင်း ပုန်းအောင်းနေသူများနှင့် အခြေမဲ့သူများကို ရှာဖွေမှုများ ပိုများပြားလာစေခဲ့သည်။ လွန်ခဲ့သည့်ခြောက်လသည်လည်း ဖရူးဆိုးမြို့နယ်တွင် မတည်ငြိမ်မှုများ တိုးတက်

များပြားလာခဲ့သည်။ ဖွန်လတွင် ရွာတရွာလုံးအား အတင်းအဓမ္မမောင်းထုတ်ခြင်းသည့် ခြိမ်းခြောက်မှု၏ အမြင်သာဆုံး ဥပမာတခုဖြစ်သည်။

**ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းအရှေ့ပိုင်း။** ။ စိုစွတ်သောရာသီဥတုက ကရင်ရွာသားများအတွက် မြန်မာစစ်တပ် ကင်းလှည့်တပ်စုများ၏ ခြိမ်းခြောက်မှုမှ ကင်းလွတ်ခွင့်ရသော အချိန်ကာလတစ်ခု ဖြစ်လေ့ရှိခဲ့သော်လည်း ယခုတွင်မူ လွန်ခဲ့သည့်နှစ်နှစ်အတွင်း ကွန်ကရစ်လမ်းမများဖောက်လုပ်ခြင်းနှင့် တပ်နေရာချထားမှုများကြောင့် တနှစ်ပတ်လုံး ကင်းလှည့်ခြင်း ပုံမှန်ရှိနေသည်။ ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) က ၂၀၀၈ ခုနှစ် ပထမခြောက်လ အတွင်း နအဖနှင့် ၎င်းတို့အင်အားစုများအကြား တိုက်ပွဲငယ်ပေါင်း ၅၀၀ ခန့်ရှိခဲ့ပြီး၊ အများစုသည် သံတောင်၊ ကျောက်ကြီးနှင့် ဖာပွန်မြို့နယ်၏မြောက်ဘက်တွင်ဖြစ်ခဲ့သည်ဟု အစီရင်ခံခဲ့သည်။ ကရင်လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဌာန (KORD) ကသံတောင်မြို့နယ်တွင် အခြေမဲ့မှုနှင့် ရွာသားများအကာအကွယ်မဲ့မှု ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းများသည် ခရီးသွားလာခွင့်ကန့်သတ်ခြင်းနှင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းများကြောင့် ဖြစ်ပြီး တဆက်တည်းမှာပင် လက်နက်ကြီးများ ပစ်ခတ်ခြင်း၊ မီးရှို့ခြင်းနှင့် လုယက်ခြင်းတို့သည် ဖာပွန်နှင့် ကျောက်ကြီးမြို့နယ်များရှိရွာများအား ပစ်မှတ်ထားလေ့ရှိသည်ဟု အစီရင်ခံခဲ့သည်။ တောင်ဘက်ပိုင်းရှိ နိုင်ငံတွင်းအခြေမဲ့ကရင်လူမျိုးများ ကော်မတီ (CIDKP) က ကော့ကရိတ်၊ မြဝတီနှင့် လှိုင်းဘွဲ့မြို့နယ်များတွင် တိုက်ပွဲများ ဖြစ်ပွားခြင်းနှင့် မြေမြှုပ်မိုင်းများ များပြားလာခြင်းနှင့်ပတ်သက်သော အစီရင်ခံစာများအရ ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာအဖွဲ့ (DKBA) နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)တို့အကြား ဆက်ဆံရေး သည် ပျက်ပြားလာခဲ့ကြောင်း ဖော်ပြခဲ့သည်။ တချိန်တည်းတွင် (KNU)/ KLNA) ကရင်ငြိမ်းချမ်းရေး ကောင်စီသည် သစ်ခုတ်ခြင်းနှင့် သစ်အရောင်းအဝယ် လုပ်ငန်းများတွင် ပိုတိုး၍လုပ်လာနေခြင်း၊ အခွန်နှင့် အလုပ်သမား အပြိုင် အဆိုင် ကောက်ခံနေခြင်းကြောင့် ၎င်းမြို့နယ်များအတွင်း ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှုအား ပို၍ ပျက်ဆီးစေသည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) က မှတ်တမ်းတင်ထားခဲ့သည်။

**မွန်ပြည်နယ်။** ။ နာဂစ်ဆိုင်ကလုန်းသည် မွန်ပြည်နယ်သို့ မဖြတ်သွားခင် အပူပိုင်းဒေသ မုန်တိုင်းအဖြစ်ပြောင်းသွားသော်လည်း မွန်ပြည်နယ်တောင်ပိုင်း ကမ်းစပ်ရွာများရှိ အသက်မွေးဝမ်း ကျောင်း လုပ်ငန်းများ၊ လှေများ၊ အိမ်တော်တော်များများကို ဖျက်ဆီးခဲ့သည့်အပြင် မွန်ပြည်နယ် မြောက်ပိုင်းရှိ အိမ်ပေါင်း ၄၀၀ ကျော်ပျက်စီးသွားခဲ့ပြီး၊ လူပေါင်း ၇၀၀၀ ကျော် ဒုက္ခရောက်ခဲ့သည်။ မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MRDC) က ရေးမြို့တောင်ပိုင်းရှိ ခေါဇာတွဲဘက်မြို့နယ် မြို့ခံများအတွက်မူ နအဖ နှိပ်စက်မှုအပြင် မုန်းတိုင်းဒဏ်ပါ ခံခဲ့ရသောကြောင့် နှစ်ကျော့ပြန်ရက်စက်မှု တခုဟု ဖေါ်ပြခဲ့သည်။ ထိုမြို့ခံများသည် အတိုက်အခံ လက်နက်ကိုင်အုပ်စုငယ်တခုဖြစ်သည့် မွန်ပြည်နယ်ပြန်လည်ထူထောင်ရေးပါတီ (MRP)အား စာနာသူများဟုဆိုကာ နအဖ၏ ပုံမှန် အပြစ်ပေးခြင်းခံရသူများ ဖြစ်ကြသည်။ လွန်ခဲ့သည့်ခြောက်လအတွင်း၌ မတ်လအတွင်း ရွာတရွာအား အတင်းအဓမ္မရွှေ့ပြောင်းစေခြင်း၊ စိုက်ခင်းများအား ဖျက်ဆီးပစ်ခြင်းနှင့် မီးရှို့ခြင်း၊ စိုက်ခင်းများထံသွားခွင့် ကန့်သတ်ခြင်းနှင့် အခြားရွာ ၇ ရွာအတွက် အတင်းအဓမ္မလုပ်အားပေး ခိုင်းစေခြင်းများ စသော အပြစ်ပေးခံရခြင်းများ ပါဝင်သည်။ တချိန်တည်းမှာပင် မတ်လအတွင်း မွန်ပြည်သစ်ပါတီ (NMSP) အပစ်အခတ်ရပ်စဲထားသော ရေးမြို့နယ်တွင် လူပေါင်း ၆၀ ကျော် ဝမ်းလျှောရောဂါပြန့်ပွားမှု ဒဏ်ကို ခံခဲ့ရသည်။ သို့သော်လည်း မွန်အမျိုးသားကျန်းမာရေးကော်မတီ (NMHC) ၏ မြန်မြန်ဆန်ဆန် တုံ့ပြန်ဆောင်ရွက်ခြင်းကြောင့် အသေအပျောက်မရှိခဲ့ပေ။

**တနင်္သာရီတိုင်း။** ။ တနင်္သာရီတိုင်းအတွင်း မတည်ငြိမ်မှုနှင့် အခြေမဲ့မှု ဆက်လက်ဖြစ်ပေါ်နေခြင်းသည် အစိုးရထိန်းချုပ်ထားသည့် ရွှေ့ပြောင်းရေးစခန်းများ၏ ဖြန့်ကျက်မှုနှင့် ပမာဏကြီးမားမှုကြောင့် ပင်ဖြစ်သည်။ မြန်မာစစ်တပ်နှင့် နီးကပ်စွာတည်ရှိနေသည့်အတွက် ထိုပြန်လည်နေရာချထားရေးစခန်းများရှိ ရွာသားများသည် အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများမှ အကာအကွယ်မဲ့ဖြစ်နေကြသည်။ CIDKP က နအဖတပ်ရင်းများအတွက် ရိက္ခာသယ်ယူရန် တနင်္သာရီမြို့နယ်တွင်းရှိ ဘူသောပလော ရွှေ့ပြောင်းရေးစခန်းမှ

ပေါ်တာအထမ်းသမားများ စဉ်ဆက်မပြတ်တောင်းယူနေသောကြောင့် ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းမှုကို ထိခိုက်စေသည်။ ရက်တိုခရီးသွားခွင့်က ရွာသားများ ၎င်းတို့စိုက်ခင်းများတွင် စိုက်ပျိုးနိုင်ရေးကို အကန့်အသတ်ဖြစ်စေသည့်အပြင်၊ ရွာသားများထံသို့ မည်သည့်အချိန်တွင် မူရင်းကျေးရွာများသို့ ပြန်ခွင့်ပြုမည်နှင့် ပတ်သက်၍လည်း အာမခံချက်မရှိပေ။ ဥပမာ ၁၉၉၈ ခုနှစ်တွင် အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းခံခဲ့ရသော ထားဝယ်မြို့နယ်တွင်းရှိ ကျေးရွာ ၈ ရွာကို ၂၀၀၇ ခုနှစ်တွင် ၎င်းတို့ဘိုးဘွားပိုင်မြေများသို့ ပြန်ခွင့်ပြုခဲ့သော်လည်း ဇန်နဝါရီ ၂၀၀၈ ခုနှစ်တွင် မြန်မာစစ်တပ်က နောက်ထပ်တဖန် အဓမ္မပြောင်းရွှေ့ခိုင်းခဲ့သည်။

## င) နိုင်ငံရေးအရ တိုးတက်မှုများ

လောင်စာဆီဈေးနှုန်းအဆမတန် တိုးမြှင့်လိုက်ခြင်းနှင့် နအဖ၏ ကိုင်တွယ်ညံ့ဖျင်းသော စီးပွားရေးအပေါ် ဆန့်ကျင်ဆန္ဒပြရန် သံဃာတော်များဦးဆောင်၍ တတိုင်းပြည်လုံးရှိ ပြည်သူများ လမ်းမများပေါ်ထွက်ကာ ဆန္ဒပြသော 'ရွှေဝါရောင်တော်လှန်ရေး' ဟုလူသိများခဲ့သော ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံရေးအခြေအနေသည် အမြင့်ဆုံးအဆင့်ထိ ရောက်ရှိခဲ့သည်။ အစဦးပိုင်းတွင် ဆန္ဒပြမှုများသည် နိုင်ငံရေးပြောင်းလဲမှုများထံ ဦးတည်သွားလိမ့်မည်ဟု မျှော်လင့်ချက်များ ရှိခဲ့သည်။ သို့သော် အချိန်တချိန်၌ နအဖသည် ၎င်း၏အာဏာကို ပိုမိုစုစည်းနိုင်သည့်ပုံရပြီး၊ သူ့၏ 'စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်' ကို သာ အရောက်သွားရန် ဆုံးဖြတ်ထားသည်။

ဆန္ဒပြမှုများအား မြန်မာစစ်တပ်၏ ရက်စက်စွာ ဖြိုခွဲခြင်းကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် အီဗရာဟင်ဂန်ဘာရီ နှင့် နိုင်ငံတကာက ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည်။ ဂန်ဘာရီသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ စိုးရိမ်ပူပန်မှုကို ဖော်ပြရန်နှင့် အလုံးစုံပါဝင်နိုင်သော နိုင်ငံရေးလုပ်ငန်းစဉ်တခုဖြစ်ပေါ်လာရေး တွန်းအားပေးရန်အတွက် မြန်မာနိုင်ငံသို့ စက်တင်ဘာနှင့် နိုဝင်ဘာတွင် နှစ်ကြိမ်သွားရောက်ခဲ့သည်။ နအဖက ဒေါ်အောင်ဆန်းစုကြည်အား NLD မှ အခြားခေါင်းဆောင်များနှင့် အနည်းအကျဉ်း တွေ့ဆုံခွင့်ပြုခဲ့ခြင်း၊ သူမနှင့် အစိုးရအကြား ဆက်သွယ် ပေးမည့်သူအဖြစ် ဆက်သွယ်ရေးအရာရှိတဦးကို ရွေးချယ်ခန့်အပ်ခြင်းနှင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ပါမောက္ခပီညဲရိုးကို နောက်တခေါက်ပြန်လာခွင့်ပြုခြင်းတို့ ရှိခဲ့သော်လည်း ဤသည်များက အဓိပ္ပါယ်မဲ့လုပ်ဟန်များသာ ဖြစ်သည်ကို သက်သေပြခဲ့သည်။

နအဖသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ အမြင်များနှင့် မစ္စတာဂန်ဘာရီနှင့်ကတိပြုထားချက်များကို လျစ်လျူရှုခဲ့ပြီး ဆန္ဒပြမှုများတွင် ပါဝင်သူများကို ဆက်လက်ဖမ်းဆီးခဲ့ကာ ၎င်း၏အခေါ် "ဒီမိုကရေစီလမ်းပြမြေပုံ" ခုနှစ်ချက်ကို အကောင်အထည်ဖော်ရန် စတင်ခဲ့သည်။ ၁၄ နှစ်ကြာပြီး၊ လမ်းပြမြေပုံထဲမှ ပထမအချက်ဖြစ်သော အမျိုးသားညီလာခံအား နအဖက တက်သုတ်ရိုက်ခဲ့သည်။ အမျိုးသားညီလာခံကို စက်တင်ဘာ ၃ ရက်တွင် အပြီးသတ်ခဲ့ပြီး၊ ဒီဇင်ဘာ ၃ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရန်အတွက် ကော်မတီတစ်ခုကို ရွေးချယ်ခဲ့သည်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရန်အတွက် ဆန္ဒခံယူပွဲကို မေလတွင်ကျင်းပပြီး၊ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပမည်ဟု ကြေညာခဲ့သည်။ ထို့နောက် ၎င်းတို့က ကော်မတီသည် မူကြမ်းရေးဆွဲခြင်း ပြီးစီးပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်တွင် ကြေညာခဲ့သည်။ နအဖ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဦးဉာဏ်ဝင်းက ဒေါ်အောင်ဆန်းစုကြည်အား ကွယ်လွန်သူ နိုင်ငံခြားသား မိုက်ကယ်အဲရစ်နှင့် လက်ထပ်ခဲ့ခြင်းကြောင့် မည်သည့်ရွေးကောက်ပွဲတွင်မှ ပါဝင်ခွင့်ပြုလိမ့်မည် မဟုတ်ဟု အခိုင်အမာ ထုတ်ဖော် ပြောဆိုခဲ့သည်။ အခြေအနေက အရှင်းသားဖြစ်နေသည်။ နအဖသည် နိုင်ငံတကာဖိအားများကို လက်ခံလိမ့်မည်မဟုတ်ဘဲ မည်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေး သို့မဟုတ် တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်များကိုမဆို အတိုက်အခံအဖွဲ့အစည်းများ တိုင်းရင်းသားလူနည်းစုများနှင့် တွေ့ဆုံလိမ့်မည်မဟုတ်ပေ။ ၎င်း၏ ကိုယ်ပိုင်ထိန်းချုပ်မှုအောက်တွင်သာ တပြည်ထောင်အစိုးရ တရပ်တည်ထောင်ရန် ဆုံးဖြတ်ထားသည်။

ဆန္ဒခံယူပွဲကို မေလ ၁၀ ရက်တွင် ကျင်းပရန် ကြေညာခဲ့သည်။ ဤတွင် ပြည်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေတခု ရှိခြင်းက မရှိခြင်းထက် ပိုကောင်းသည့်အတွက် "ထောက်ခံပါသည်" ဟု မဲပေးလိမ့်မည်လား၊ ဒုံရင်းအခြေအနေ အတိုင်း ဆက်လက်ရှိနေနိုင်သော်လည်း နအဖကို လက်မခံကြောင်းပြသရန်အတွက် "မထောက်ခံပါ" ဟု မဲပေးမည်လားဆိုသည်နှင့် ပတ်သက်၍ ခန့်မှန်းတွက်ဆခြင်းများ ရှိခဲ့သည်။ သို့သော် မကြာမီပင် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ဆန့်ကျင်ရေးကို ပြည်တွင်း၊ ပြည်ပရှိ အတိုက်အခံအုပ်စုများ ပြောဆိုလာခဲ့ပြီး၊ "ထောက်ခံမဲမပေးရေး" လှုပ်ရှားမှုသည် အရှိန်အဟုန် မြင့်လာခဲ့သည်။ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ စံပြုထိုက်စရာလုပ်ဆောင်ချက်ကိုအခြေခံကာ လေ့လာသူအများစုက နအဖသည် တရားမျှတသော ဆန္ဒခံယူပွဲတခု ကျင်းပပေးကောင်းနိုင်သဖြင့် "မထောက်ခံပါ" ဟူသော ဆန္ဒမဲသည် အောင်မြင်မှုရကောင်းရလိမ့်မည်ဟု လေ့လာသူအများက ယုံကြည်ခဲ့ကြသည်။ သို့သော် 'တင်ကြို' မဲပေးခြင်းစနစ်ကို ပြုလုပ်ရန် နအဖ၏ဆုံးဖြတ်ချက်က နမိတ်ဆိုးတခုအဖြစ် ပြသနေခဲ့သည့်အပြင် နိုင်ငံတကာ၏ စောင့်ကြည့်ကြပ်မတ်ခြင်းကိုလည်း လက်မခံဟူသော သိနေပြီးသား ငြင်းပယ်ချက်တခုအဖြစ်လည်း ဖေါ်ပြခဲ့သည်။ "ထောက်ခံမဲ"ပေးရန် လူမှုအသိုင်းအဝိုင်းအတွင်း ခြိမ်းခြောက်ခြင်းများ စတင်ထွက်ပေါ်လာကာ ပြည်သူများတွင် "၎င်းတို့အတွက် မဲပေးပါ"ဟူသောမဲပြားများရှိပြီး၊ "ဆန့်ကျင်မဲ"ပေးသူများ အဖမ်းခံခဲ့ရသည်။

ဆန္ဒခံယူပွဲကျင်းပမည့်ရက် မတိုင်ခင်ပင် မြန်မာပြည်သည် ၎င်း၏သမိုင်းတွင် အကြီးဆုံးသဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည်။ မေလ ၂ ရက်နေ့တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်မှ လေတိုက်နှုန်း တနာရီလျှင် ၂၀၀ ကီလိုမီတာနှုန်းနှင့် ဒီရေလှိုင်း ၁၀ ပေကျော်အထိ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်မှ ရန်ကုန်တလျှောက် နယ်မြေအများအပြားကို ထိခိုက်ပျက်စီးစေခဲ့ပြီး၊ လူပေါင်း ၂ ဒသမ ၄ သန်းအား မုန်တိုင်းဒဏ်သင့်ခဲ့သည်။ အနည်းဆုံး ၁၃၈၀၀၀ ဦး သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့သည်။

နအဖသည် ဘေးအန္တရာယ်ကျရောက်ကြောင်း တင်ကြိုအသိပေးရန် နှောင့်နှေးနေခဲ့ပြီး၊ အံ့သြဖွယ်ကောင်းသည်မှာ ဆန္ဒခံယူပွဲအား ဆိုင်ကလုန်းတိုက်ခတ်ခံခဲ့ရသော ၄၇ မြို့နယ်တွင်သာ ၂၄ ရက်နေ့အထိ နှစ်ပတ်ကြာ ရက်ရွှေ့ခဲ့သော်လည်း မေလ ၁၀ ရက်နေ့တွင် သတ်မှတ်ထားသည့် အတိုင်း မပျက်မကွက် ကျင်းပခဲ့ခြင်းဖြစ်သည်။ အပျက်အစီးအများအပြားရှိခဲ့ကြောင်း ထင်ရှားခဲ့သည့်အတွက် နိုင်ငံတကာအကူအညီများ ကမ်းလှမ်းချက်ကို လက်ခံခဲ့ရသော်လည်း နအဖသည် ရက်သတ္တပတ်အတော်များများ ကြာသည်အထိ အကူအညီပေးရေး သင်္ဘောများ အသုံးပြုခွင့်ကို လက်မခံခြင်း သို့မဟုတ် လူသားချင်းဆိုင်ရာအကူအညီပေးရေးလုပ်သားများကို တိုင်းပြည်အတွင်း ဝင်ရောက်ခွင့်မပြု ငြင်းဆိုခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသသို့ သွားရောက်ရန် အလွန်အမင်းခက်ခဲခဲ့ပြီး၊ အဓိကအားဖြင့် အထောက်အပံ့များသည် ဒေသခံ လူထုအခြေပြုအဖွဲ့များ၏ ချီးကျူးဖွယ်ရာအားထုတ်ချက်များကြောင့်သာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းဒဏ်ခံခဲ့ရသူအများစုထံသို့ အကူအညီများလုံးဝဖြတ်တောက်ထားခဲ့သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် နအဖ၏ အကြင်နာကင်းမဲ့မှုနှင့် ခေါင်းမာမှုများကြောင့် ထိတ်လန့်တုန်လှုပ်ခဲ့သည်။ နောက်ဆုံးတွင် ထိုအခြေအနေကို ဖြေရှင်းရန်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မေလ ၂၂ ရက်နေ့တွင် သွားရောက်ခဲ့သည်။ နအဖက နိုင်ငံတကာအသိုင်းအဝိုင်းအား ကန့်သတ်ချက်မရှိ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုရန် သဘောတူခဲ့သည်။

သို့ပင်တိုင် ထောက်ပံ့ရေးလမ်းကြောင်းများ လုံလုံလောက်လောက်အသုံးပြုခွင့်ရရန်အတွက် ဗျူရိုကရက်များထံမှ ခွင့်ပြုချက်ရရန် ရက်သတ္တပတ်များကြာအောင် စောင့်ဆိုင်းခဲ့ရသည်။ ကယ်ဆယ်ရေးအထောက်အပံ့များအပြည့် တင်ဆောင်ထားသော ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်တို့မှ စစ်သင်္ဘောများ ဝင်ရောက်ခွင့်ကို ငြင်းပယ်ခဲ့သည်။ သို့သော် ကမ္ဘာ့ကုလသမဂ္ဂ၊ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) နှင့် မြန်မာနိုင်ငံအစိုးရ တို့ ပါဝင် ဖွဲ့စည်းထားသော သုံးပွင့်ဆိုင်အုပ်စု ( Tripartite Core)အား လေ့လာရေးမစ်ရှင်တခုပြုလုပ်ရန် ခွင့်ပြုပေးခဲ့သည်။ ပူးတွဲသုံးသပ်ချက်ကရိုက္ခာသိုလှောင်ထားမှု၏ ၄၂ ရာခိုင်နှုန်းသည် ပျက်စီးခဲ့ပြီး၊ မိသားစု ၅၅ ရာခိုင်နှုန်းတွင်

တနေ့တာ သို့မဟုတ် ထို့ထက်ပိုနည်းသော စားသောက်စရာသာ ရှိသည်ဟု တွေ့ရှိခဲ့သည်။ ဇူလိုင်လ ၇ ရက်တင်ကြိုထုတ်ပြန်ချက်တခုတွင် ကုလသမဂ္ဂက လူပေါင်း ၉၂၄၀၀၀ သည် ဤနှစ် ရိတ်သိမ်းရာသီဖြစ်သော နိုဝင်ဘာအထိ အစားအစာ ထောက်ပံ့ပေးရန် လိုအပ်လိမ့်မည်ဟု ဖော်ပြကာ အမေရိကန်ဒေါ်လာ ၄၈၀ သန်း တောင်းခံမှုကို စတင်ခဲ့သည်။ ၂၀၀၉ ခုနှစ် ဧပြီလအထိ ပြည်သူ ၃၀၀၀၀၀ နီးပါးသည် ကယ်ဆယ်ထောက်ပံ့မှုများ ဆက်လက်လိုနေလိမ့်ဟုလည်း ဖော်ပြခဲ့သည်။ ဇူလိုင်လ ၂၁ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ အပြည့်အစုံက နာဂစ်ဆိုင်ကလုန်းကြောင့် ဖြစ်ရသော ငွေကြေးအပျက်အစီးသည် အမေရိကန်ဒေါ်လာ ၄ ဘီလီယံရှိသည်ဟု ခန့်မှန်းခဲ့သည်။

တချိန်တည်းမှာပင် နအဖက မေ ၁၀ ရက် ဆန္ဒခံယူပွဲ၌ မယုံကြည်နိုင်လောက်အောင်ပင် မဲပေးသူပေါင်း ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းတွင် “ထောက်ခံမဲ”ပေးသူ ၉၂ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း ကြေညာခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသအများစုသို့ သွားရောက်ရန် ခက်ခဲနေသည့်ကြားမှာပင်  ပို၍အံ့အားသင့်စရာမှာ ကျန်ရှိနေသော ၄၇ မြို့နယ်၌ မေလ ၂၄ ရက်တွင် ကျင်းပသော ဆန္ဒခံယူပွဲတွင်လည်း “ထောက်ခံမဲ”ပေးသူ ၉၂ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ကြောင်း နအဖက ကြေညာခဲ့ပြန်သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် သွားရောက်လည်ပတ်ခဲ့ပြီးနောက် မေလ ၂၇ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏ ထိန်းသိမ်းထားမှုကိုလည်း နောက်ထပ်တနှစ်အထိ သက်တမ်းထပ်မံတိုးခဲ့သည်။

နိုင်ငံရေးဖိအားများကို ဆက်လက်ထိန်းထားရန်နှင့် ယင်းဖိအားများကြောင့် လူသားချင်းဆိုင်ရာ အထောက်အပံ့ပေးခြင်း လုပ်ငန်းအား မထိခိုက်စေဟူသော ယင်းလုပ်ငန်းနှစ်ရပ်ပေါ်တွင် ချိန်ဆရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းတွင် အကျပ်အတည်းကြီးတခုကြုံတွေ့ခဲ့သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် သွားရောက်မှုတွင်ပင် နိုင်ငံရေးအခြေအနေကို မဆွေးနွေးနိုင်ဟူသော တင်ကြိုသတ်မှတ်ချက် ရှိခဲ့သည်။ နအဖသည် ပြင်ပဝေဖန်ရှုတ်ချမှုများအား လုံးဝလေးစားမှုမရှိကြောင်း ဆက်လက်ပြသခဲ့ပြီး၊ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကိုယုံကြည်ချက်အပြည့်ဖြင့် စတင်ပြင်ဆင်နေသည်။ ၎င်းက နိုင်ငံရေးအင်အားစုများအား ပါတီများတည်ထောင်ရန် ဖိအားပေးခဲ့ပြီး၊ တိုင်းရင်းသားအုပ်စုများအား ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ပြုမည်ဟူသော သတ်မှတ်ချက်ဖြင့် လက်နက်ချခိုင်းခြင်းများလည်း ပြုလုပ်နေသည်။

သို့သော်လည်း ဆိုင်ကလုန်းသည် မြန်မာနိုင်ငံ၏ အစားအစာထုတ်လုပ်ရေးစွမ်းရည်ကို အကြီးအကျယ်ထိခိုက်မှု ဖြစ်စေခဲ့သည်။ ယခင်ကတည်းက ရုန်းကန်နေရသော စီးပွားရေးတွင် ယင်း၏ သက်ရောက်မှုကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွက် လုပ်ကွက်တခုအဖြစ် ဖန်တည်းပေးလိုက်သော အခွင့်အလမ်းသစ်တရပ် ဖြစ်ကောင်းလည်း ဖြစ်နိုင်သည်။ ယခင်အတွေ့အကြုံများအရ အကောင်းဖက်သို့ မျှော်လင့်ချက် အနည်းအကျဉ်းသာဖြစ်သော်လည်း နိုင်ငံတကာအထောက်အပံ့များအပေါ် အပေးအယူလုပ်နိုင်ခွင့်အာဏာက နအဖ၏ စိတ်ကူးရည်မှန်းချက်များ ပျော့ပြောင်းစေနိုင်ပြီး၊ တွေ့ဆုံဆွေးနွေးရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးအတွက် အခွင့်အလန်းများ ပေါ်ထွက်လာနိုင်သည်။ နာဂစ်ဆိုင်ကလုန်းတိုက်ခိုက်ပြီးနောက်ပိုင်း အရေးပေါ်အခြေအနေကြောင့် နအဖအပေါ် နိုင်ငံတကာဖိအားများသည် ထပ်မံတိုးများလာခဲ့သည်။ ဇူလိုင်လ ၂၁ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများက နအဖအား နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရန် နှင့် “မဝေးတော့သည့်ကာလတွင် ဒီမိုကရေစီစနစ်ဆီသို့ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးအား သတ္တိရှိရှိလုပ်ဆောင်ရန်” ဟု တောင်းဆိုခဲ့သည်။ တချိန်တည်းမှာပင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ “မြန်မာနိုင်ငံ

မိတ်ဆွေများအဖွဲ့” သည် ဩဂုတ်လတွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ နောက်တခေါက် ထပ်မံမသွားရောက်ခင် ဇူလိုင် ၂၃ တွင် တွေ့ဆုံခဲ့သည်။

သို့သော် အနာဂတ်သည် ခန့်မှန်း၍ မရနိုင်သောအခြေအနေတွင် ရှိနေသည်။ ယခုအချိန်တွင် ပြည်သူများသည် ပို၍ ဘေးဖယ်အထားခံနေရကာ ဒေါသလည်း ပိုထွက်နေကြသည်။ နောက်ထပ် မတည်ငြိမ်မှုများကို ရှောင်လွဲ၍မရနိုင်။ အကယ်၍ နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေတဖြည်းဖြည်းလျော့ကျပျက်စီးလာလျှင် အခြေမဲ့မှုနှင့် ရွှေ့ပြောင်းမှု ပို၍ ဖြစ်လာနိုင်သည်။ ကြိုတင်ခန့်မှန်းနိုင်သည့် မဝေးသောကာလအတွင်း နယ်စပ်ဒေသများ၏ အခြေအနေ ပိုမိုကောင်းမွန်လာနိုင်သည်နှင့် ပတ်သတ်၍ မျှော်လင့်ချက်အနည်းအကျဉ်းသာရှိသော ဤအခြေအနေများအောက်တွင် ဒုက္ခသည်များ မူရင်းနေရာများသို့ပြန်သွားခြင်းထက် ဒုက္ခသည်အသစ်များ ပို၍ပင် ရောက်လာနိုင်ချေရှိနေသည်။

ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည်လည်း ခန့်မှန်းမရနိုင်သောအခြေအနေတွင် ရှိနေသည်။ ဖေဖော်ဝါရီတွင် တာဝန်ယူခဲ့သော ဒီမိုကရက်တစ်အစိုးရသည် လမ်းမများပေါ် ဆန္ဒပြမှုများဖြင့် ပြည်သူများ၏ စိန်ခေါ်မှုကို ရင်ဆိုင်နေရပြီး၊ လက်ရှိခေါင်းဆောင်များနှင့် ခေါင်းဆောင်ဟောင်းများ၏ အမှုအခင်းများက ဝန်ကြီးများနုတ်ထွက်ပေးရခြင်းနှင့် ဝန်ကြီးဌာနအပြောင်းအလဲများ ဖြစ်ခဲ့သည်။ အစိုးရအဖွဲ့ သည် အချိန်စောစာစီးစီဖြင့်ပင် ဖျက်သိမ်းရနိုင်သည်ဟူသော ထင်မြင်ယူဆချက်များစွာ ရှိနေသည်။ ထိုင်းနိုင်ငံသည် ဇူလိုင်လတွင် အာဆီယံအဖွဲ့ ဥက္ကဌ အဖြစ် လက်ခံခဲ့သည်။